


စိတ်ကူးချိုချိုအနုပညာ


# သော်တာဆွေ
မြန်မာပြန်

# အမြုတေရတနာ

# THE TALISMAN
Sir Walter Scott

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း




mgyoe.com

tts0026
2500.00 Ks

mgyoe.com

အမြုတေရတနာ၊ သော်တာဆွေ
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၁ သော်တာစာပေ၏ ပထမအကြိမ်ထုတ်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အမြူတေရတနာ
# **The Talisman**
Sir walter Scott

## သော်တာဆွေ
မြန်မာပြန်

မြန်မာလူငယ်ရုပ်ရှင်နှင့်စာပေစာအုပ်တိုက်မှ ပြန်လည်ပုံနှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဘာသာပြန်သူ၏အမှာ

သူ့မူရင်းဝတ္ထုသည် ခရစ်သက္ကရာဇ် ၁၈၂၅ ခုနှစ်ကတည်းက စာပေနယ်တွင် ထင်ပေါ်ခဲ့၍၊ ယခုတိုင်တည်မြဲ၊ နောင်ကိုလည်း အစွန့်ရှည်ဦးမည့် Classic ခေါ် ကမ္ဘာ့တန်းမြင့် ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ကို ကျွန်တော်လို အကောင်ငယ်က မည်ရွေ့မည်မျှ ကောင်းပါသည်ဟု ဘယ်သို့ဘယ်ပုံ ဂုဏ်ပြုနေလင့်ကစား "ဒရယ်ယုန်ကြောင်၊ တွေ့တိုင်းအောင်သည်၊ တောတောင်သနင်း ခြင်္သေ့မင်း" ဟူဘိသို့၊ ဟိနတ္တ ဒေါသသင့်ချေတော့မည်။ ထို့ကြောင့်၊ အထူးအထွေ မရေးတော့ပြီ။

သို့သော် စာရေးဆရာပီပီ လျှာရှည်ချင်သည့်သဘောနှင့် နည်းနည်းကလေးတော့ ခွင့်ပြုကြပါခင်ဗျာ။

မိတ်ဆွေသည် ဤဝတ္ထုကို ဖတ်လိုက်ပါသော် ယခုခေတ်အနောက်တိုင်းသား မျက်နှာဖြူများ၏ ယဉ်ကျေးခြင်းစနစ်၊ စွန့်စားခြင်းဗီဇတို့ အုတ်မြစ်ချရာဖြစ်သော ဥရောပအလယ်ခေတ်၊ ရာစု ၁၂ က သူရဲကောင်းခေတ်သို့ မိတ်ဆွေရောက်သွားချေတော့မည်။ ရဲရင့်ခြင်း၊ ရက်ရောခြင်း၊ စွန့်စားခြင်း၊ သစ္စာရှိခြင်း၊ ဂုဏ်သိက္ခာစောင့်စည်းခြင်းတည်းဟူသော သူရဲကောင်းတို့ဘဝကို တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုရာမှ တစ်စတစ်စနှင့် မိတ်ဆွေကိုယ်တိုင် သံချပ်ကာဝတ်၍ မြင်းစီးကာ ဒိုင်း၊ ဓား၊ လှံ စသော လက်နက်တွေကိုင်စွဲလျက် မိတ်ဆွေတိုင်းပြည်နှင့် ဘာသာကို နှောင့်ယှက် ဖျက်ဆီးမည့်ရန်သူတို့ကို သုတ်သင်ရန် လိုက်လံရှာဖွေချေတော့မည်၊ ဤအခါ၌ မိတ်ဆွေကို

mgyoe.com

mgyoe.com



ဂုဏ်ပြုမည့် အပျိုချောတွေကလည်း သူ့ဆီလာပါ၊ ငါ့ဆီကြွပါနှင့် လက်ယပ်ခေါ်နေကြပေပြီ၊ "ကဲ မနိတ်လားဗျာ"

ဒါက ယောကျ်ားကလေးအဖို့လေ၊ မိန်းကလေးဖြစ်ခဲ့ပါသော် ကျွန်တော်ကိုယ်တိုင်မပြောတတ်တော့။ သို့သော်၊ အစ်မကြီး ခင်မျိုးချစ်ကို သာဓကတင်ပါအံ့။

သူငယ်စဉ်တောင်ကျေး အပျိုကလေးဘဝတွင် ဤစာရေးဆရာကြီး ဆာဝါလ်တာစကော့၏ သူ့ရဲ့ကောင်းဝတ္ထုများကို ဖတ်ရာမှ သူကိုယ်တိုင်ရဲ့တိုက်ကြီးပေါ်က အနောက်နိုင်ငံသူ အပျိုချောကလေးဖြစ်သွားကာ၊ သံချပ်အင်္ကျီ ပြိုးပြိုးပြောင်ပြောင်၊ ခေါင်းက ငှက်မွေးကြီးထောင်ထောင်နှင့် မြင်းဖြူကြီးစီး၍လာမည့် ရည်းစားဖြစ်သူ သူ့ရဲ့ကောင်းကြီးကို မျှော်ခဲ့၏။ အမျှော်ကြီးမျှော်ခဲ့၏။ ဤသို့... ဤသို့ မျှော်၍ မျှော်၍ မျှော်ရင်း မျှော်နေဆဲဝယ် တကယ့်တကယ် ယခု သူ၏လက်ရှိ ကြင်ရာတော် ကိုခင်မောင်လတ် သူ့ကို ခေါ်ရအောင်လာသောအခါ၌ကား၊ မြင်းဝေးလို့ ခွေးမျှမပါ၊ ဘိုင်စကယ်ကလေးမှ မစီးဘဲ ခြေကျင်ကြိတ်၍ လာခဲ့သူဟူသတည်း။

အဲဒါနဲ့သူကအခု မိတ်ဆွေကို သူ့အချစ်တော်ကြီး ဆာဝါလ်တာစကော့နဲ့ မိတ်ဆက်စာရေးထားသေးဗျ၊ ကျေးဇူးပြု၍ ဟိုဘက်မျက်နှာမှာ ဖတ်လိုက်ပါဦး။

သော်တာဆွေ

❒

mgyoe.com

mgyoe.com

## ခင်မျိုးချစ်၏ မိတ်ဆက်

သော်တာဆွေနှင့် စာဖတ်သူအား မိတ်ဆက်ပေးရန် မလိုသော်လည်း၊ ဆာဝါလ်တာစကော့နှင့် စာဖတ်သူကို မိတ်ဆက်ပေးရန်လိုပေမည်။

ဆာဝါလ်တာစကော့သည် ၁၉ ရာစုခေတ်တွင် ထွန်းကားခဲ့သော စကော့ (ချ်)လူမျိုး စာရေးဆရာကြီးဖြစ်သည်။ သူသည် ရှေးဟောင်းရာဇဝင်ကို အခြေပြုသော ဝတ္ထုများ၊ ကဗျာများရေးခဲ့သည်။ ရာဇဝင်၌ အကယ်ပင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ၊ ရာဇဝင်တွင် အကယ်ပင်ထင်ရှားခဲ့သော ပုဂ္ဂိုလ်များကိုမှုတည်၍ စိတ်ကူးဖြင့်တန်ဆာဆင်ကာ ဇာတ်ကွက်ဇာတ်အိမ်ဖွဲ့ခဲ့သည်။

ဆာဝါလ်တာစကော့သည် ရာဇဝင်ဇာတ်လမ်းများ ရေးရာတွင် ဇာတ်လမ်းနှင့်သက်ဆိုင်သော ရာဇဝင်အဖြစ်အပျက်၊ ဓလေ့ထုံးစံများကို မသွေမပျက်စေရဘဲ လေ့လာရှာဖွေရေးသားသည်။ ဤ 'အမြုတေရတနာ' ဝတ္ထု၏ အခြေခံကား ဥရောပတိုက် အလယ်ခေတ် ခရစ်သက္ကရာဇ်ရာစု ၁၂ က ဖြစ်သည်၊ ထိုအခါ အင်္ဂလန် ပြည်တွင် ခြင်္သေ့စိတ်ရှိသော ရစ်ချာ့ဒ် ဘုရင်မင်းပြုသည်။ ထိုမင်းသည် စစ်မက်၌ မွေ့လျော်သည်။

ထိုခေတ်အခါက ဥရောပနှင့် အနီးဆုံးဖြစ်သော အရှေ့နိုင်ငံ ပါလက်စတိုင်း ဒေသတွင် သခင်ယေရှု၏ သင်္ချိုင်းတော်ရှိသည်။ ထိုဒေသကို ခရစ်ယာန်လူမျိုးများ အထွတ်အမြတ်ထားကြရာ၊ မကြာမကြာ မဟာမေဒင်

mgyoe.com

mgyoe.com



လူမျိုးများတို့၏ ဝင်ရောက်သိမ်းယူခြင်းခံရသည်။ ထိုအခါများတွင် ဥရောပရှိ ခရစ်ယာန်ဘုရင်တို့စုရုံးကာ သချိုင်းတော်ကို ပြန်လုယူကြရသည်။ ထိုစစ်ပွဲများသည် ခရစ်တော်ယေရှုကို အစွဲပြု၍ ဖြစ်ရသဖြင့် 'လက်ဝါးကပ်တိုင်စစ်ပွဲ' ဟုခေါ်ကြသည်။ ဤဝတ္ထုတွင် ပါရှိသော ဘာသာရေးစစ်ပွဲ (ဝါ) လက်ဝါးကပ်တိုင်စစ်ပွဲမှာ တတိယမြောက်စစ်ပွဲဖြစ်သည်။ ထိုစစ်ပွဲတွင် အင်္ဂလန်ပြည် ရစ်ချာ့ဒ်ဘုရင်နှင့် ဩစတြီးယားဘုရင် သီယိုပို၊ ပြင်သစ်ဘုရင် ဖိလစ်တို့ ပါဝင် တိုက်ခိုက်ကြသည်။

ဤဝတ္ထုတွင် ဥရောပအလယ်ခေတ်၏ အခြေအနေ ထုံးစံဓလေ့များကို ဇာတ်လမ်းတွင် စိတ်ဝင်စားဖွယ် ထည့်သွင်းထားသည်ကို တွေ့ရပေသည်။

(ထိုခေတ်အခါ သတင်းစာ၊ ရေဒီယိုမရှိသဖြင့် အကြောင်းထူးသတင်းများကို တစ်နည်းနည်းနှင့် ပို့ဆောင်ရန်ကြံစည်ရသည်။ ထိုအခါက စောင်းနှင့် သီချင်းသီဆိုကာ လှည့်လည်နေသူများရှိကြသည်။ ထိုသီချင်းသည်များသည် ဘုရင့်နန်းတွင်း၌ လည်းကောင်း၊ မြို့ရွာပွဲလမ်းသဘင်များ၌လည်းကောင်း ကျက်စားကြသည်။ ထိုသီချင်းသည်များကို သတင်းပို့သူအဖြစ်နှင့် သုံးကြရသည်။ ရစ်ချာ့ဒ်ဘုရင် အကျဉ်းထောင်၌ ကျနေသောအခါ သူ၏ရဲဘော်သီချင်းသည်သည် သူ့သခင်အား စောင်းသီချင်းဖြင့် အသံပေးခဲ့ရသည်။)

အလယ်ခေတ်သည် ဥရောပယဉ်ကျေးမှုကို တည်ဆောက်ခါစအချိန်ဖြစ်သည်၊ ထိုခေတ်တွင် လူမှုရေးရာ အပြုအမူ ထုံးစံအစဉ်အလာဟူ၍ အသိအမှတ်ပြုခါစအချိန်ဖြစ်သည်။ ထိုခေတ်ကား သူရဲကောင်းတို့သည် မိမိအရှင်သခင်ကို သစ္စာစောင့်သိကြရသည်။ အရှင်သခင်ကလည်း အရှင်နှင့်ကျွန်ဟု သဘောမထားကြ အသက်စွန့်ဘက် ရဲဘော်ချင်းကဲ့သို့ သဘောထားကြရသည်။ သူရဲကောင်းတို့သည် အရှင်သခင်နှင့် ရဲဘော်ချင်းကိုသာ သစ္စာစောင့်ကြရသည်မဟုတ်ဘဲ ရန်သူကိုလည်း သစ္စာစောင့်ကြရသည်။ တစ်ဖက်ရန်သူပင်ဖြစ်သော်လည်း မိမိနှင့်အားချင်းမပြိုင်နိုင်၊ အားနည်းချွေယိုင်နေသော အခါများ၌တစ်ဖက်သတ်နှိပ်စက်က လူမပြုကြချေ။ အကူအညီပင် ပေးတန်ကပေးရသည်။ ရန်သူကို မတရားသစ္စာမဲ့သောနည်းဖြင့် မကောင်းကြံခြင်းမပြုရဘဲ၊ ယောကျ်ားပီပီ လက်ရုံးချင်း ပညာချင်းပြိုင်ကြရသည်။ ထို့ပြင် သူရဲကောင်း

mgyoe.com

mgyoe.com



တို့၌ တိုက်အား၊ စွန့်အားရှိအောင် ချီးမြှင့်သည့် ချစ်သူလည်းရှိကြသည်။ ချစ်သူအပျိုစင်သည် သူရဲကောင်းအဖို့ မျှော်မှန်းရာ ဆုလာဘ်ဖြစ်ပေသည်။ သူရဲကောင်းစွန့်စားတိုက်ခိုက်ရသော အောင်ပွဲများမှာ ချစ်သူအတွက်ဖြစ်ပေသည်။

ထိုထုံးစံဓလေ့များသည် ဥရောပတိုက်တွင် ယခုထိရှိနေပေသေးသည်။ မြင်းဖြူကြီးစီး၍ သံချပ်ကာ အင်္ကျီတလက်လက်နှင့် သူရဲကောင်းများမရှိတော့သော်လည်း၊ သူတို့၏အလေ့အကျင့်ထုံးစံများကို ယခုတိုင် လေးစားကြရသည်။ ယောက်ျားပီပီ လက်ရုံးချင်းပြိုင်သည့် ဖဲယားဖိုက် ပွဲများကား ထိုခေတ်၏ အမွေအနှစ်ဖြစ်သည်။ ကစားခုန်စားပွဲများတွင် ဆုပေးသောအခါ ဂုဏ်သရေရှိအမျိုးသမီးများက ဆုပေးအပ်နှင်းစေသည့်ထုံးစံကို ယခုတိုင်တွေ့ရပေသည်။

ဤ "အမြုတေရတနာ" ဝတ္ထုသည် ရာဇဝင်ဗဟုသုတလည်း ဖြစ်စေသည်၊ ရှေးခေတ်ဝတ္ထုဖြစ်၍ ယခုနေ့စဉ်တွေ့မြင်နေရသော လောကနှင့်မတူ၊ အတိတ်ဖြစ်သောအိပ်မက်သဖွယ် ရေးရေးထင်သည့် လောကသို့ တစ်ခါတစ်ခေါက် အလည်သွားရောက်ရသည်နှင့်တူပေသည်။

နေ့စဉ်နှင့်အမျှတွေ့မြင် ကြားနေရသည့် ငြီးငွေ့ဖွယ်ရာ ကိစ္စများနှင့် မပတ်သက်၊ ထူးဆန်းနှစ်သက်ဖွယ်ရာ အဖြစ်အပျက်များကို ဖတ်ရှုရခြင်းဖြင့် စိတ်နှလုံးပျော်မွေ့ရွှင်လန်းလိမ့်မည်ဟု မျှော်လင့်ပါသတည်း။

ခင်မျိုးချစ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အခန်း (၁)

## သူရဲကောင်းနှစ်ယောက်

ကမ္ဘာပေါ်တွင် အပူပြင်းထန်ဆုံးသော ဒေသတစ်ခုဖြစ်သည့် ဆီးရီးယားနယ်အတွင်း မွန်းတည့်နီးပါးအချိန်ဝယ် ပင်လယ်သေ (Dead Sea) နှင့် မလှမ်းမကမ်းရှိ သဲကန္တာရတစ်ခုထဲ၌ ရင်ဘတ်မှာ အနီရောင်ကြက်ခြေအမှတ်ရှိသော မြင်းစီးသမားတစ်ယောက်သည် လေးဆေးမှန်ကန်စွာ ခရီးသွားလျက်ရှိလေ၏။

ထိုသူကား ပါလက်စတိုင်းနယ်တွင် ခရစ်ယာန်နှင့်မဟာမေဒင်တို့ ဖြစ်ပွားကြသည့် 'ခရူဆိဒ်'ခေါ် ဘာသာရေးစစ်ပွဲကြီးကို ဝင်ရောက်ယှဉ်နွှဲရန် မြောက်ဘက်အရပ်ရှိ မိမိဒေသရင်းမှ ထွက်ခွာရောက်ရှိလာသော ခရစ်ယာန်သူရဲကောင်းတစ်ယောက်ပေတည်း။

ယခုမိနစ်ပိုင်းကလေးအတွင်းမှာပင် ဤသူရဲကောင်းသည် အံ့ဩဖွယ်သော စီးချင်းတိုက်ပွဲကလေးတစ်ခုကို ရင်ဆိုင်ရတော့မည်ဖြစ်ပေရကား၊ ယခုသူနှင့်သူ့မြင်း၏ စစ်ဝတ်တန်ဆာ–လက်နက်ကိရိယာများကို ကျွန်ုပ်တို့သိရှိထားဖို့လိုပေလိမ့်မည်။

စင်စစ်သော်ကား၊ ဤ သူရဲကောင်းနှင့် ၎င်း၏မြင်းတွင် ဝတ်ဆင်ထားသည်တို့မှာ ဤမျှ ပူပြင်းလှသောဒေသ၌ ဤကဲ့သို့ နေအရှင့်ကျက်ဆုံး အချိန်မျိုးတွင် ယခုကဲ့သို့ ခရီးသွားနေရန် အနည်းငယ်မျှ မသင့်လျော်ပါချေ။ အ

mgyoe.com

mgyoe.com

ကြောင်းမှု ထိုခေတ်တွင် ဥရောပတိုက်၌ Knight နိုက်ခေါ်ခရစ်ယာန်သူရဲ ကောင်းများ ဝတ်ဆင်ကြသည့် သံထည်ကိရိယာ တန်ဆာတို့မှာ လေးလံထူ ထပ်များပြားလှသောကြောင့်ဖြစ်ပေ၏။

သူရဲကောင်း၏ တစ်ကိုယ်လုံးမှာ သံမဏိ ကြိုးမျှင်များဖြင့်သာ ပိရိစေ့ စပ်စွာ ချုပ်လုပ်ထားသော ကိုယ်ချပ်ဘောင်းဘီနှင့် အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်ထား၍ လက်တွင် သံမဏိလက်စွပ်အိတ်ဖြင့်လည်းကောင်း၊ ခြေ ထောက်မှာလည်း ဤအမျိုးတူ သံဘွတ်ခြေနင်းဖြင့် လည်းကောင်း၊ အဆုံး သပ်ထားလေရာ၊ မည်သည့်အပိုင်းအဆစ်မျှ ဟာသည့်နေရာမရှိပါချေ။ ရင် ဘတ်တွင်ကား ဤသံမျှင်အင်္ကျီအပေါ်မှ တစ်ဆင့် သံမဏိပြားတို့ကို ငါး ကြင်းအကြေးသဖွယ် ဆက်စပ်ပြုလုပ်ထားသော "ရင်ဘတ်ကာ" ဖြင့် ထပ်ဆင့် ဖုံးအုပ်ထားလျက် ဦးခေါင်းမှာလည်း မျက်စိနေရာတွင် ပြတင်းပေါက်သဖွယ် သံတိုင်ကာနှင့် အပြင်မြင်ရရုံ အပေါက်ကလေးရှိသော 'ဟဲလ်မက်' ခေါ် သံခေါင်းစွပ်ကို တပ်ဆင်ထားပြီး ထိုအပေါ်မှာတစ်ထပ် "ဟုဒ်" ခေါ် ဦးထုပ် ပြားကလေးရှိချေသေး၏။ ကိုယ်နှင့်ခေါင်းအကြားကိုလည်း မလစ်ပါချေ။ လည်ပင်းတွင် သံမျှင်လည်ပတ်ရှိရုံမက၊ ထိုအပေါ်မှတစ်ဆင့် သံခေါင်းစွပ်နှင့် ဆက်စပ်ထားသော သံမဏိလည်ကျာမှာ နံဘေးပခုံးနှစ်ဖက်ကိုပါ လုံခြုံပြန်စေ သေး၏။

ထိုအရာ အားလုံးတို့အပြင် ပန်းလှချည်တို့ဖြင့် ဖောက်လုပ်ဆင်ယင် ထားသော "ဆာကုတ်" ခေါ် အပေါ်အင်္ကျီကြီးကိုမြင်နိုင်သေးလေရာ၊ ၎င်းမှာ ကာလကြာမြင့်လှ၍ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ဝတ်ဆင်သူ၏အမှတ် တံဆိပ်ဖြစ်သည့် အိပ်ပျော်နေဟန် ကျားသစ်ရုပ်ကလေးများနှင့် ၎င်းတို့၏ အောက်မှ "ငါအိပ်နေသည် မနှိုးနှင့်" ဟု ထိုသူရဲကောင်း၏ စိတ်နေသဘော ထားကို ဖော်ပြသည့်အလား ရေးသားထားသော စာတိုကလေးမှာ ကျားသစ် ရုပ်တစ်ကောင်ကောင်နှင့် တစ်တွဲစီ တစ်တွဲစီ ခပ်မှုန်မှုန်ပင် ထင်လျက်ရှိချေသေးပေ ၏။ ထိုဝတ်ရုံကြီးမှာ အမြင်အားဖြင့် ဝတ်ဆင်သူတို့ကို ပိုမို၍ ပူအိုက်စေမည် ထင်ရသော်လည်း အမှန်မှာ သူရဲကောင်း၏ အဖို့များစွာပင် အသုံးဝင်လေ သည်။ အကြောင်းမှာ၊ အကယ်၍သာ ဤဝတ်ရုံမရှိပါသဖြင့် နေပူရှိန်သည် အတွင်း၌ ဝတ်ဆင်ထားသော သံချပ်ထည်များပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့
mgyoe.com

mgyoe.com


ပါမူ ထိုသူမှာ မခံမရပ်နိုင်သော တေဇောဓာတ်နှင့် တွေ့ထိရပေလိမ့်မည်ဖြစ်၏ ။

ထိုသူရဲကောင်း၏ လည်ပင်းတွင် သုံးထောင့်သဏ္ဌာန်ကြီးမားထူထဲသော ဒိုင်းကြီးကို ဆွဲချိတ်ထားသေး၏။ ၎င်းဒိုင်းကြီးမှာ အပွဲပွဲက ခုတ်ရာထစ်ရာများဖြင့် ပွန်းပိန်လှိုက်ချိုင့်နေပြီဖြစ်သော်လည်း အိပ်ပျော်နေဟန်ရှိသော ကျားသစ်ရုပ်ကြီးနှင့် ၎င်းအောက်က "ငါအိပ်နေသည်မနှိုးနှင့်" ဟူသော စာမှာ သဲကွဲစွာပင် ရှိနေသေးသောကြောင့် စစ်မြေပြင်တွင် ထိုသူရဲကောင်းအား "အိပ်ပျော်နေသော ကျားသစ်–သူရဲကောင်း" ဖြစ်ကြောင်းကို ထင်ထင်ရှားရှားကြီး သိမြင်နိုင်လေ၏။

ဤဖော်ပြခဲ့သည်တို့ကား ရာသီဥတုနှင့် ရန်သူ၏ လက်ချက်ဒဏ်ကို ခံနိုင်စွမ်းရှိရန် အကာအကွယ်များဖြစ်၍ ထိုသူရဲကောင်းက ရန်သူကို တိုက်ရန် လက်နက်များကား (၁) တောင့်တင်း ရှည်လျား၍ သံမဏိသွားရှိသော လှံတံကြီး။ ၎င်းမှာ ယခုမြင်းစီးနေစဉ်တွင် ညာဘက်ခြေနင်းကွင်းပေါ်၌ အရိုးထောက်၍ အနားဘက်မှာ ပခုံးနှင့် မှီထားပြီး နောက်ဘက်သို့ ခပ်ယွန်းယွန်းကလေး စွန်းထွက်လျက် အသွားရင်းက ပန်းပွားအတွဲကလေးမှာ လေထဲတွင် တလှုပ်လှုပ်ကစားနေ၏။ (၂) လက်ဝါးကပ်တိုင်ပုံ အရိုးနှင့် အသွားနှစ်ဖက်ရှိ ဦးချွန်ဓားရှည်ကြီး၊ သူ၏လက်ဝဲဘက်တွင် ချိတ်ဆွဲ၍၊ (၃) ခါးလက်ယာဘက်တွင် ကြီးမားထက်မြက်လှသော ဓားမြှောင်ကြီးတစ်ချောင်းနှင့်။ (၄) မြင်းကုန်းနှီးတွင် ဆွဲချိတ်ထားသည့် ပစ်ခတ်ရန် လည်းကောင်း၊ ခုတ်ထစ်ရန်လည်းကောင်း နှစ်မျိုးအသုံးကျသော "မေ့စ်" ခေါ် ဆပ်သွားဖူးပုံ သံမဏိရဲဒင်းတို့ ဖြစ်လေသည်။

ဤကား ရှေးခေတ်သူရဲကောင်းတစ်ယောက်၏ အဝတ်တန်ဆာ အပြည့်အစုံတည်း။ ထိုမှ တစ်ဖန်သူစီးထားသော မြင်းကိုကြည့်ပါဦး။ သူ့သခင်၏ကိုယ်မှာရှိသော ကိရိယာတွေထက် အလေးချိန်လျော့ပါးသည် မဟုတ်ပါချေ၊ သံမဏိပြားတို့ကို ငါးကြင်းအကြေးကွက် ဆက်စပ်ပြုလုပ်ထားသော မြင်းကိုယ်ပတ် သံချပ်အင်္ကျီကြီး၊ ၎င်းမှာမြင်း၏ ဝမ်းဗိုက်နံဘေးတင်ပါးတို့ကို လုံခြုံစေလျက် ရှေ့ရင်အုံတွင် ဖုံးအုပ်ထားသော အမျိုးတူသံချပ်ထည်နှင့် တစ်ပြင်တည်းဆက်စပ်ထားလေသည်။ ဦးခေါင်းကိုလည်း နားရွက်

mgyoe.com

mgyoe.com


မျက်စိ, နှာခေါင်း, ပါးစပ်, အပေါက်များနှင့် ကျနစွာ ပြုလုပ်ထားသော သံချပ်–မြင်းမျက်နှာဖုံးကို စွပ်ထား၍ နဖူးအလယ်တည့်တည့်တွင် ကြံ့ချိုနှင့်တူသော သံချွန်ကြီးတစ်ခုရှိသေးပေ၏။

အမှန်စင်စစ်အားဖြင့် ထိုမြင်းစီးသူရဲကောင်းနှင့် သူ့စစ်မြင်းကြီး၏ ပုံသဏ္ဍာန်မှာ အသွေးအသားရှိသော ကိုယ်နှစ်ခုပူးပေါင်းနေသည်နှင့်မတူဘဲ သံကိုအရည်ကျို၍ မြင်းစီးရုပ်ပုံကြီးတစ်ခု သွန်းလုပ်ထားသည်နှင့်သာ တူလှပေတော့သတည်း။

သို့ရာတွင် မည်သို့ပင်ဖြစ်လင့်ကစား သဘာဝဓမ္မသည် သက်ရှိသတ္တဝါမှန်သမျှတို့အား အစာရေစာနှင့် အနားယူရန်လိုခြင်းဖြစ်ပေါ်စေတတ်သည့်အတိုင်း ဤကျားသစ်သူရဲကောင်းသည်လည်း သဘာဝအမိန့်ကို မလွန်ဆန်နိုင်ပေဘဲ မွန်းတည့်အချိန်၌ အဆင်သင့်ပင် ဆိုက်ရောက်လာခဲ့သော စွန်ပလွံပင်ကလေးများစုပြုနေသည့် "အိုအေစစ်" ရေအိုင်ကလေးဆီသို့ သူ့မြင်းကြီးကို ဦးတည်လိုက်ရလေ၏။ ဤနေရာကား ပင်လယ်သေနှင့် များစွာမဝေးကွာလှ။ ထိုလမ်းခရီးတွင် သူ့အဖို့အသင့်လျော်ဆုံးသော နေ့လယ်ခရီးထောက်ပေတည်း။

သို့သော် သူသည် အလွယ်တကူဖြင့် နေနားခွင့် မရရှာဘဲ အတော်ပင် အရေးပါသောတိုက်ပွဲကလေးတစ်ခုကို ရုတ်တရက်ကျင်းပလိုက်ရလေ၏။

အကြောင်းမူကား သူသည် ထိုစွန်ပလွံပင် အုပ်ကလေးဆီသို့ သေချာစွာ ကြည့်လိုက်သောအခါ၌ အခက်အလက်တို့ အကြားတွင် အရာဝတ္ထုတစ်ခု တိုးဝှေ့လှုပ်ရှားနေသည်ကို မြင်ရပြီးနောက် စက္ကန့်ပိုင်းကလေးအတွင်းမှာပင် ထိုအရာသည် သစ်ပင်စုထဲမှ ကွဲကွာလာကာ ဖြူဖွေးသော ခေါင်းပေါင်းရှည်၊ စိမ်းသောအပေါ်ဝတ်ရုံ၊ ရှည်လျားသော လှံတံတို့နှင့် 'ဆာရ်ဆင်'ခေါ် မဟာမေဒင်မြင်းစီးစစ်သားတစ်ယောက် ဖြစ်ကြောင်းကို သိရလေ၏။

ဆာရ်ဆင်သည် ကမ္ဘာပေါ်တွင် မြင်းစီးနာမည်ကျော်သော အာရပ်လူမျိုးဖြစ်သည့်အားလျော်စွာ မြင်းကို ဇက်ကြိုးဖြင့်မအုပ်ချုပ်ဘဲ ကိုယ်ဖြင့်သာ အလိုက်သင့်ထိန်းဟန်လျက် လက်ဝဲလက်ဖြင့် ကြံ့ရေဒိုင်းကို ဝှေ့ရမ်း၍ လက်ယာလက်မှာ သူ၏ရှည်လျားသော လှံတံကို ဦးခေါင်းပေါ်တွင် ပန်ကာကဲ့သို့ လည်ပတ်အောင် ကျွမ်းကျင်လှပစွာ အစွမ်းပြရင်း ခရစ်ယာန်

mgyoe.com

mgyoe.com


သူရဲကောင်းဆီသို့ တစ်ဟုန်ထိုးကဆုန်စိုင်းလာလေသည်။ သူ့မှန်းဆချက်မှာ သူ၏ရန်သူသည်လည်း သူကဲ့သို့ပင် အပြေးလာခဲ့၍ နှစ်ဦးသား အပြင်းအထန် ရင်ဆိုင်ရန် မျှော်လင့်ပေ၏။

သို့သော် ဤ ဆာရ်ဆင်စစ်သားတို့၏ တိုက်ခိုက်နည်းကို ကောင်းကောင်းကျွမ်းကျင်ပြီးဖြစ်နေသော ခရစ်ယာန်သူရဲကောင်းသည် အပိုမလိုအပ်သော မောပန်းခြင်းကို သူ့မြင်းအား မဖြစ်စေချင် ဘိသကဲ့သို့ နေရာမှ တစ်လှမ်းမျှ မရွေ့လျားဘဲ ခိုင်မြဲစွာ မတ်မတ်ရပ်လျက်၊ သူ့ရန်သူ အနီးသို့ ရောက်လာလျှင်သာ သူ၏အင်အား မြင်း၏အင်အားနှစ်ခုပေါင်းဖြင့် သူ့လှံကြီးကို အသုံးချရန် ဟန်ပြင်နေ၏။

ထို့ကြောင့် ဆာရ်ဆင်မှာ သူ့ရည်ရွယ်ချက် မကိုက်လေသဖြင့် ရန်သူ၏ အနီးလှံနှစ်ပြန်ခန့်အကွာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရှေ့ဆက်မလာတော့ဘဲ လက်ဝဲဘက်သို့ပတ်၍ ထိုးခုတ်ရန် အချက်ရှာရင်း ရန်သူကို စက်ဝိုင်းပတ်၍ စီးလေတော့၏။

ဤစဉ်၌ ခရစ်ယာန် သူရဲကောင်းသည် သူ့နေရာမှ မရွေ့လျားသော်လည်း မြင်းကိုမူ ပတ်ပတ်လှည့်ကာ ရန်သူနှင့် အမြဲတမ်း မျက်နှာချင်းဆိုင်နေသဖြင့် ဆာရ်ဆင်မှာ အချက်ကောင်းကိုမတွေ့နိုင်သောကြောင့် နှစ်ပတ်မျှလှည့်စီးပြီးသော အခါတွင် အခြားတစ်ဖက်သို့ စီးနင်းပြေးလေ၏။ ထိုမှတစ်ဖန် ကိုက်တစ်ရာမျှ ရောက်သောအခါ နောက်သို့ ပြန်လှည့်လာပြီး အပြင်းအထန် ကဆုန်စိုင်းလာပြန်သည်။

သို့သော် ခရစ်ယာန် သူရဲကောင်းသည် ရှေ့နည်းအတိုင်းပင် နေရာမရွေ့မလျားဘဲ နေပြန်သဖြင့် အနီးသို့ရောက်လျှင် ဆာရ်ဆင်မှာ ပထမကကဲ့သို့ပင် စက်ဝိုင်းလှည့်စီးရပြန်လေသည်။ ဤအခါ၌လည်း ခရစ်ယာန်သည် မူလနည်းပင်မြင်းကိုလှည့်၍ မျက်နှာချင်းဆိုင်နေပြန်သဖြင့် ဆာရ်ဆင်သည် ဒုတိယအကြိမ်အဝေးသို့ စီးပြေးရပြန်လေ၏။

ဤသို့လျှင် ဆာရ်ဆင်သည် ခရစ်ယာန်ထံသို့ ပြေးလာလိုက် ပတ်ပတ်လှည့်စီးလိုက် ပြန်ခွာပြေးလိုက်နှင့် သုံးကြိမ်မျှလုပ်ပြီးနောက် တတိယအခေါက် ပြန်အပြေးတွင် ခရစ်ယာန်သူရဲကောင်းသည် မြင်းကုန်းနှီးမှ "မေ့စ်" ခေါ် ရဲဒင်းကိုဖြုတ်ပြီးမလွဲသောချိန်ခြင်းဖြင့် တအားလွှဲ၍ ပစ်လိုက်လေ၏။

mgyoe.com

mgyoe.com


ဆာရ်ဆင်မှာ ဤသည်ကို သိ၍ ကြံ့ရေဒိုင်းကလေးဖြင့် သူ့နောက်စေ့ကို ကာကွယ်လိုက်သောကြောင့်သာ ဦးခေါင်းထက်ခြမ်း ကွဲမသွားသည်။ သို့သော် လူမှာမူမြင်းပေါ်က ကားခနဲကျသွားလေ၏။

သို့ရာတွင် ဆာရ်ဆင်သည် ခရစ်ယာန်သူရဲကောင်းက သူ့ကိုလဲနေစဉ် တိုက်ခိုက်ရန် အချိန်မရနိုင်မီပင် လျင်မြန်စွာ မြေပေါ်မှခုန်ထပြီး သခင့်အခြေအနေကို စောင့်ကြည့်နေသော သူ့မြင်းလိမ္မာပေါ်သို့ ခြေနင်းကွင်းမျှ မနင်းဘဲ ဖွေ့ခနဲ ခုန်တက်လိုက်လေ၏။ ဤအချိန်ကလေးတွင် တိုက်ပွဲမှပင် စိတ်နှလုံးအေးဆေးစွာထားနိုင်သော ခရစ်ယာန်သူရဲကောင်းမှာ သူပစ်လိုက်သော ရဲဒင်းကိုပြန်၍ ကောက်ယူပြီး ဖြစ်နေလေသည်။

ဆာရ်ဆင်သည် မြင်းပေါ်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ရန်သူပစ်ခတ်သော လက်နက်မရောက်နိုင်သည့် နေရာသို့ အလျင်အမြန် စီးသွားပြီး အနီးကပ်မဟုတ်ဘဲ၊ ပစ်ခတ်သောလက်နက်နှင့် တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချကာ သူ့လှံကိုမြေပေါ်သို့ ပစ်စိုက်လိုက်ပြီး ကျောတွင်အသင့်ပါလာသော လေးမြားတို့ကို ပြင်ဆင်၍ ခရစ်ယာန်ဆီသို့ ပြန်ခဲပြန်သည်။

ဤအကြိမ်၌ အစဦးလောက်ရန်သူနှင့် နီးအောင် မလာတော့ပဲ၊ ပထမထက် နှစ်ဆမျှခွာ၍ ရန်သူကို စက်ဝိုင်းပတ်စီးကာ သူ၏မတုပနိုင်သော မြင်းစီးကျွမ်းကျင်ခြင်းဖြင့် ရိပ်ရိပ်ထင်အောင် လျင်မြန်နေရာမှပင် မြားတို့ကို တစ်စင်းပြီးတစ်စင်း ပစ်လေသည်၊ သူ့မြားတို့ကား တစ်ချက်မျှမလွဲ၊ ခရစ်ယာန်သူရဲကောင်း၏ သံချပ်အင်္ကျီကောင်းမွန်ခြင်းကြောင့်သာ တန်းလန်းစူးမနေခြင်းဖြစ်လေသည်။

သို့သော် သတ္တမမြောက်မြားသည် သံချပ်အင်္ကျီ၏ လစ်လပ်သောနေရာကို ထိမှန်သွားလေဟန်တူသည်၊ ခရစ်ယာန်သည် မြင်းပေါ်မှ မြေပေါ်သို့လေးလံစွာ ပစ်ကျသွားလေ၏။ သို့ရာတွင် ဆာရ်ဆင်ကို အကြီးအကျယ်အံ့အားသင့်သွားစေသည်ကား။ သူသည် မြားထိ၍ မြေပေါ်လဲကျနေသော ရန်သူကို ကြည့်ရှုစစ်ဆေးရန်လာသောအခါတွင် သူကိုယ်တိုင်ပင်လျှင် ရုတ်တရက် ရန်သူ၏လက်ကွင်းသို့ ရောက်နေခြင်းပင်တည်း။ အကြောင်းမှာ နီးကပ်စွာ တိုက်လိုသော ခရစ်ယာန်သည် သူ့ရန်သူအနီးသို့ ရောက်လာအောင် ပရိယာယ်ဆင်လိုက်ခြင်းကြောင့်ဖြစ်လေ၏။

mgyoe.com

mgyoe.com


ဤနှစ်ယောက် အပူးကပ်တိုက်ပွဲကလေးတွင်ကား ဆာရ်ဆင်ကို ချီးမွမ်းရန် သင့်လေသည်။ အဘယ်ကြောင့်ဆိုသော် သူနှင့်လူလုံးလူထည် အင်မတန် ကွာခြားလှသော အနောက်တိုင်းသားကြီး၏ လက်ထဲမှ အံ့သြဖွယ်ရာ လွတ်ထွက်သွားသည်ကို တွေ့ရလေသည်၊ သို့သော် သူ့ခါးတွင် ချိတ်ထားသော လေး–မြား–ဓားတို့ကား ခါးပတ်နှင့်တကွ ကျဆုံးခဲ့ရ၍ သခင်ကို အသင့်စောင့်နေသော သူ့မြင်းပေါ်သို့ လျင်မြန်စွာ ခုန်တက်ပြေးလေသည်။

သူတို့နှစ်ယောက်တွေ့ဆုံရသည်ကား မဆုံးသေးချေ၊ ယခုမှ အစသာ ရှိသေး၏။ အကြောင်းမှာ ဆာရ်ဆင်သည် မကြာမီလာခဲ့ပြန်သည်၊ ဤအကြိမ်၌ကား တိုက်ခိုက်ရန်လည်းကောင်း၊ စိတ်ဆိုးဟန်လည်းကောင်း၊ အမူအရာ တစ်စုံတစ်ရာမျှ မရှိဘဲ ညာလက်ကို ဆန့်တန်း၍ "ပြေငြိမ်းကြစို့" ဟူသော အဓိပ္ပာယ်နှင့်လာခြင်းဖြစ်လေသည်၊ အနီးသို့ရောက်လျှင် ရန်သူဟူ၍ ကြောက်ရွံ့စိုးရိမ်ဟန်မရှိ ပကတိ ငြိမ်သက်သော မျက်နှာထားနှင့် စကားပြောသည်။

"ဒီမလေ... အခု ကျုပ်တို့ လူမျိုးနှစ်ခုအကြားမှာ ခေတ္တစစ်ရပ်ထားပါလျက်နဲ့ ကျုပ်တို့ချင်းဘာကြောင့် ရန်ဖြစ်နေသင့်သလဲ..."

ဤအချိန်၌ သူတို့နှစ်ဖက်နားလည်၍ သုံးကြသော စကားမှာ လင်းဂဖရင်းက (Lingua Franca) ခေါ် ဂျာမန်စကားအမျိုးဖြစ်၏။

ခရစ်ယာန် သူရဲကောင်းသည် အေးဆေးစွာပင် ပြုံးလိုက်ကာ...

"ကျုပ်က ခင်ဗျားကို တိုက်ချင်တယ်များ ထင်နေလို့လား"

"ခင်ဗျားက ကျုပ်ရှိတဲ့နေရာကို လာခဲ့တာကိုး"

"ခင်ဗျားရှိမှန်း ကျုပ်မသိရပေါင်ဗျာ... အခုနေကျုပ် မျက်စိထဲဖြင့် ရန်သူရဲ့သွေးထက်ရေကြည်ကြည်ကလေးကို မြင်ချင်နေတာပါပဲ"

ဆာရ်ဆင်သည် ပြုံးလိုက်ကာ "ဟာ... ဒါဖြင့် ကျုပ်တို့နှစ်ယောက် စိတ်သဘောချင်းတိုက်ဆိုင်နေတာပဲ၊ ဘယ်ရန်ဖြစ်ဖို့ အကြောင်းရှိလို့လဲ ငြိမ်းချမ်းလိုက်ကြပါစို့..."

"ဒါကို ကျုပ် ကောင်းကောင်းကြီးသဘောတူပါတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ငြိမ်းအေးပါပြီ ရန်မပြုတော့ပါဘူး ဆိုတာကို ကျုပ် ယုံကြည်လောက်အောင် ဘယ်လို အာမခံများပေးမှာတုံး"

mgyoe.com

mgyoe.com


"မဟာမေဒင် ဘာသာဝင်တစ်ယောက်ဟာ သူ့ရဲ့စကားတစ်လုံးကို ဘယ်တော့မှ မဖျက်ဘူးဆိုတာ ယုံကြည်ပါ၊ တကယ်ဆိုတော့ ကျုပ်ကသာ ခင်ဗျာ့ဆီက ဒီလိုအာမခံမျိုးတောင်းသင့်တယ် ထင်ပါတယ်၊ သို့သော် ခင်ဗျား လို ရဲရင့်သူတစ်ယောက်ဟာ ကတိမဖျက်တတ်ဘူး သတ္တိနဲ့သစ္စာ တွဲနေတယ် ဆိုတာ ကျုပ်ယုံကြည်ပါတယ်"

ဤစကားကို ကြားရသောအခါ၌၊ ခရစ်ယာန်သည် တစ်ဖက်သားက မိမိအပေါ် ယုံကြည်ပါလျက်၊ မိမိက စိတ်မချဝံ့ခြင်းမှာ သူရဲဘောနည်းရာ ရောက်သဖြင့် ရှက်သွေးရောင်သန်း၍ သွားပြီးမှ၊ သူ့လက်ဝါးကပ်တိုင်ပုံ ဓား ရိုးကို လက်ဖြင့်အုပ်ကိုင်ကာ...

"ကျုပ် ဒီဓားရိုး လက်ဝါးကပ်တိုင်အားဖြင့် အမှန်ကို ပြောပါတယ်၊ ယခုလို အတူဟကွနေဖို့ ဖြစ်ပေါ်လာတဲ့ အချိန်ကလေးမှာ ကျုပ်ဟာ သစ္စာ ရှိတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်မယ်ဆိုတာ ယုံကြည်ပါ"

ဆာရ်ဆင်ကလည်း "ကျုပ်လည်း မဟာမက် သခင်အားဖြင့် မိတ်ဆွေ အပေါ်မှာ သစ္စာရှိဖို့ ကတိထားပါတယ်၊ ကဲ– ကျုပ်တို့အနားယူကြရအောင် စမ်းအိုင်ကလေးဆီ သွားကြစို့၊ ကျုပ်လည်း အခုနက ရေသောက်မယ် လုပ်နေ တုန်း မိတ်ဆွေရောက်လာတာနဲ့ ကျုပ်တို့ စစ်သားထုံးစံအတိုင်း ထွက်ညှော်ခံ လိုက်ရတာပဲ"

လွန်ခဲ့သော အချိန်အနည်းငယ်ကလေးက တစ်ယောက်ကို တစ်ယောက် အသေအကျေ တိုက်ခဲ့ကြသော ရန်သူချင်းပင် ဖြစ်လင့်စကား၊ ယခုမူ သူရ သတ္တိရှိသူတို့၏ ယဉ်ကျေးခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် အနည်းငယ် မျှ ယုံမှားသံသယမရှိကြဘဲ ကာလကြာမြင့်စွာကပင် သိရှိခဲ့ကြသော မိတ်ဆွေ နှစ်ယောက်ကဲ့သို့ အေးချမ်းစွာ စမ်းရေအိုင်စွန်ပလွံပင် အုပ်ကလေးဆီသို့ နှစ်ယောက်ယှဉ်၍ သွားကြလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၂)

## စိန်ရောင်ကြည်

ယခုစမ်းရေအိုင်ဆီသို့ သွားနေသော လမ်းကြောင်းမှာ အလွန်ပွရောင်းသော သဲမြေနုဖြစ်၍၊ ခရစ်ယာန်သူရဲကောင်း၏ မြင်းမှာ သူ၏ တန်ဆာများနှင့် သူ့သခင်၏ ကိရိယာများက လေးလံလှသောကြောင့်ကောင်းစွာ ခြေမလှမ်းနိုင်ရှိနေရာ၊ သူရဲကောင်းသည် အောက်သို့ ခုန်ဆင်းလိုက်ပြီး မြင်းဇက်ကွင်းကို ကိုင်၍ ရှေ့မှ ဦးဆောင်သွားရလေ၏။ ထိုအခြင်းအရာကို မြင်သောအခါ ဆာရ်ဆင်က–

"မိတ်ဆွေလုပ်တာ နည်းလမ်းကျပါပေတယ်၊ ဒီလို ထွားကျိုင်းလှပတဲ့ မြင်းကြီးကို ဒီလိုပဲ ဂရုစိုက်သင့်ပါတယ်၊ ဒါပေမဲ့ ဒီလို သဲကန္တာရထဲမှာ ခြေလှမ်းတိုင်း ခွာဆစ်မြုပ်သွားတဲ့ မြင်းကို စစ်မြေပြင်မှာ ဘယ်လိုများအသုံးချပါ့..."

ခရစ်ယာန်။ "မိတ်ဆွေရဲ့ ဌာနန္တရဗဟုသုတ အမြင်အတိုင်း ဆိုရင်ဖြင့် ယခု မိတ်ဆွေပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီသဲမြေပြင်ကို မရောက်ခင် ကျုပ်တို့တိုင်းပြည်မှာရှိတဲ့ ရေအိုင်ကြီးကို ဖြတ်ကူးခဲ့စဉ်ကတော့ ကျုပ်မြင်းဟာ သူ့ခွာဆစ်က အမွေးကလေးတစ်ပင်မျှ ရေမစိုခဲ့ပါဘူး"

ဆာရ်ဆင်။ (ရုတ်တရက် အံ့အားသင့်သွားသော အမူအရာနှင့်) "မိတ်ဆွေ ခင်ဗျားတို့ လူမျိုးတွေက အင်မတန် ရယ်စရာပြောတတ်တာပဲနော်..."

mgyoe.com

mgyoe.com


ခရစ်ယာန်သည် တည်ကြည်သော အသံဖြင့် "ကျုပ်တို့လို သူရဲကောင်းဘွဲ့ရထားတဲ့ လူတစ်ယောက်ရဲ့ ပြောစကားကို မယုံတာဟာ ခင်ဗျား မယ် မယဉ်ကျေးရာ ရောက်ပါတယ်ဗျာ။ ယခု ကျုပ်အမှန်ကို ပြောနေတာပါ၊ ကျုပ်မြင်းသာ မဟုတ်ဘူး အားလုံး မြင်းစီးသမား ငါးရာကျော်ကခဲလောက်မာတဲ့ ရေခဲပြင်ကြီးပေါ်မှာ စီးလာကြတာပဲ၊ ဘယ်လိုလုပ်ပြီး ခွာမွေးကို ရေစိုရမှာလဲ..."

သို့တိုင်အောင် ဆာရ်ဆင်သည် အံ့သြသော အမူအရာနှင့်ပင် ခရစ်ယာန်ပြောသောစကားကို မယုံကြည်နိုင်ဟန်နှင့် ကြည့်နေ၏။ သူသည် သဲကန္တာရထဲ၌ မွေးဖွားခဲ့၍ ရေခဲပြင်ဆိုသော စကားကို နားလည်ဟန်မတူချေ။

ဆာရ်ဆင်။ "ခင်ဗျားဟာ မဟုတ်တာ မဖြစ်နိုင်တာတွေပြောပြီး လူတစ်ဖက်သားကို ရယ်အောင် လုပ်တတ်တဲ့ လူတစ်ယောက်ပဲနော်။ ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောပြီး ကျယ်လောင်စွာ ရယ်မောလေ၏။

ခရစ်ယာန်မှာ အတော်ပင်ခံပြင်းသွားကာ...

"အို ခင်ဗျား နားမလည်တဲ့စကားကို ပြောမိတဲ့အတွက် အမှန်ဖြစ်ရဲ့သားနဲ့ ရယ်စရာလို့ အထင်ခံရတာ ဝမ်းနည်းပါတယ်။ မိတ်ဆွေတော်ပါပြီ ကျုပ်စကားကို ပြန်ရုပ်သိမ်းပါတယ်"

ဤသို့ စကားတပြောပြောနှင့်လာကြ၍ ရေအိုင်သို့ ရောက်မှ စကားဖြတ်ကာ ပထမမြင်းများကို ဇက်ကြိုးဖြုတ်၍ ရေတိုက်၏၊ လူတို့မူကား စစ်ဝတ်တန်ဆာများကိုချွတ်၍ အနားယူကြလေသည်။

ထိုသူရဲကောင်းနှစ်ယောက်မှာ လူမျိုးချင်းမတူသည်ဖြစ်၍ ကိုယ်အင်္ဂါပုံပန်းသဏ္ဌာန်တို့မှာ တစ်ဦးနှင့်တစ်ဦး အလွန်ပင် ခြားနားလှပေ၏။

ခရစ်ယာန်မှာ အလွန်သန်မာထွားကျိုင်းသော ကိုယ်လက်အင်္ဂါရှိ၍ ဆံပင်မှာ ညိုပြီးလိမ်ကောက်နေ၏၊ မျက်လုံးတို့မှာ တောက်ပကြည်လင်၍ ကျယ်ဝန်းလေသည်၊ အသားရောင်ကား ပူပြင်းသော အရပ်၌ ကြာမြင့်ပြီဖြစ်၍ ညိုညစ်နေသော်လည်း မူလကဖြူဆွတ်ကြောင်းကို ၎င်း၏မျက်လုံးပြာကသက်သေခံလေသည်၊ သူ၏နှာခေါင်းမှာ ပေါ်လွင်ထင်ရှား၍ကောင်းမွန်စွာ ပြုပြင်ထားသော နှုတ်ခမ်းမွေးရှိ၏။ မုတ်ဆိတ်မွေးကိုကား သပ်ရပ်စွာ ရိပ်

mgyoe.com

mgyoe.com


ပယ်ထားသည်။ အထူးသဖြင့် လှပသော သွားများနှင့်တန်ဆာဆင်ထားသော ပါးစပ်မှာ၊ မျက်နှာအချိုးအစားနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ကြီးဟန်ရှိသော်လည်း နှုတ်ခမ်းတို့ကို ပိရိစွာစေ့ထားတတ်သဖြင့် များစွာကျက်သရေရှိလေသည်။ ဦးခေါင်းမူကား ကိုယ်နှင့်စာလျှင် အနည်းငယ်သေးဟန်ရှိ၏။ သူ၏ အသက်မှာ ၃၀ ထက်မကျော်သေးချေ၊ ကိုယ်လုံးကိုယ်ထည် ကြီးမားလျက် အရပ်အမောင်းကောင်းသလောက် လက်မောင်းတို့မှာလည်း အချိုးကျကျ သန့်စွမ်းလှပ၍ အထူးသဖြင့် လက်ကောက်ဝတ် အဆစ်တို့သည် မာကျော ကြီးမားလှလေသည်။

ဆာရ်ဆင်ခေါ် အာရပ်မဟာမေဒင် သူရဲကောင်းကား သူတို့လူမျိုးတွင် လူထွားတစ်ယောက်ဖြစ်သော်လည်း အလွန်ကြီးမားသော အနောက်တိုင်းသား သူရဲကောင်းနှင့်စာလိုက်ပါလျှင် အရပ် ၃ လက်မမျှနိမ့်၏။ ခြေလက် အင်္ဂါတို့မှာ ရှည်လျားသေးသွယ်သော်လည်း သူ့ကိုယ်လုံးကိုယ်ထည်နှင့်ကား များစွာအချိုးကျ၍ သူ့မျက်နှာထားနှင့်လည်း သင့်လျော်လှလေသည်။ ယခုအမြင်အားဖြင့် မကြာသေးမီက တိုက်ပွဲတွင် သူအသုံးချခဲ့သော အင်အားနှင့် လျင်မြန်သွက်လက်ခြင်းတို့မှာ ယှဉ်နိုင်ဖွယ်ပင်မရှိသော်လည်း သူ၏ ခြေလက်အင်္ဂါတို့ကို အနီးကပ်ကြည့်ပါမူ လှုပ်ရှားရာတွင် လေးလံစေသော အသားပိုရှိဟန်မတူဘဲမာကျောသော အရိုးနှင့် အကြောမျှင်များသာ ဖြစ်တည်နေကြောင်း တွေ့ရှိပေလိမ့်မည်။ အမှန်အားဖြင့် သူ၏ကိုယ်လုံးကိုယ်ပေါက် မျိုးမှာ လှုပ်ရှားရာတွင် လျင်မြန်သွက်လက်၍ အမောခံနိုင်လေသည်။

အသားရောင်မှာ သူ့တိုင်းပြည်၏ ပူပြင်းသော ရာသီဥတုကြောင့် မည်းနက်၏။ မျက်နှာမှာ သွယ်ချွန်၍ ကောင်းမွန်စွာ ဖြတ်တောက်ထားသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့်အဆုံးသတ်လေသည်။ သူ၏သွားတို့မှာ ဆင်စွယ်ကဲ့သို့ဖြူစင်လှပလျက်။ ပိန်သောပါး၊ ပေါ်လွင်ဖြောင့်စင်းသော နှာတံတို့နှင့် အထူးသဖြင့်ကား မျက်လုံးတို့သည် ချိုင့်ရှိုင်းသော မျက်ကွင်းအိမ်ထဲမှ တဖျပ်ဖျပ်နေအောင် စူးရှတောက်ပလှပေ၏။

❐

mgyoe.com

mgyoe.com

## အခန်း (၃)

## ဆာကဲ့နက်နှင့် ရှိုးယားကော့ပ်

သဲကန္တာရအတွင်း ခဲယဉ်းစွာ ဖြစ်ပေါ်နေသော (အိုအေစစ်)ခေါ် စမ်းအိုင်ကလေးတွင် စိမ်းစိုသော စွန်ပလွံပင်တို့၏အောက်၌ အချိန်အတန်ကြာအောင် အနားယူအင်အားဖြည့်တင်းကြပြီးနောက် နှစ်ယောက်သား ခရီးဆက်ရန် ပြင်ကြလေ၏။ ခရစ်ယာန်သူရဲကောင်းသည် မြင်းပေါ်တက်ခါနီးတွင် ရေကို ထပ်မံသောက်၍ လက်များကိုရေအိုင်၌ နှစ်ဆေးရင်း...

"ကျွန်ုပ်အသက်တာသောက်ခဲ့သမျှ ရေတွေထဲမှာ အခုလို ဆာလောင်မွတ်သိပ်နေတုန်းသောက်လိုက်ရတဲ့ ဟောဒီရေကြည်အေးကလေးဟာဖြင့် အဖိုးအတန်ဆုံးပါပဲဗျာ... ရေအိုင်ကလေးရဲ့ ကျေးဇူးဟာ ကြီးလှပါပေတယ်။ နောင် သတိရတိုင်း ရတိုင်း အမှတ်တရပြောရအောင် ဒီရေအိုင်ကလေးရဲ့ နာမည်ကို သိထားစမ်းပါရစေ...."

ထိုအခါ ဤခရီးကိုသွားလာနေကျဖြစ်သော ဆာရဲဆင်က...

"ယခု ကျုပ်တို့နားနေတဲ့နေရာကို 'ကန္တာရရိပ်သာ' ဟောဒီစမ်းအိုင်ကလေးကိုတော့ 'စိန်ရောင်ကြည်' လို့ ခေါ်ပါတယ်"

ထို့နောက် မြင်းများပေါ်သို့ အသီးသီးတက်ကြကာ သူတို့ ယခုရှေ့ဆက်သွားရမည့်ခရီးမှာ တစ်လမ်းတည်းဖြစ်နေကြောင်း ပြောဆိုသိရှိထားကြပြီဖြစ်၍ အတူတကွ စတင်ခရီးနှင်ကြလေ၏။ ရန်သူဘဝမှ မိတ်ဆွေဖြစ်ခဲ့ကြသော

mgyoe.com

mgyne.com


ခရီးသည် နှစ်ယောက်သည် အတန်ကြာမျှ ဆိတ်ငြိမ်နေကြပြီးမှ ခရီးအတော်ရောက်လျှင် ဆာရ်ဆင်ကစတင်၍

"ယနေ့အဖို့မှာ ရန်သူရော၊ မိတ်ဆွေရော နှစ်မျိုးဖြစ်ခဲ့ရတဲ့ မိတ်ဆွေရဲ့ နာမည်ကို သိနိုင်မယ်ဆိုရင် သိပါရစေ..."

ခရစ်ယာန်။ "ကျွန်ုပ်ရဲ့ မျိုးမည်အမှန်ကိုတော့ ယခုအသိမပေးနိုင်သေးပေဘူး။ သို့သော် ကျွန်ုပ်တို့ စစ်တပ်ထဲမှာ အသုံးပြုနေတဲ့ 'ဆာကဲနက်' သို့မဟုတ် "ကျားသစ်သူရဲကောင်း"ဆိုတဲ့ နာမည်ကို မိတ်ဆွေအသိအမှတ်ပြုနိုင်ပါတယ်"

"ဆာကဲနက်..."

ဆာရ်ဆင်သည် အစမ်းခေါ်သလို ခေါ်ကြည့်လိုက်ပြီးမှ...

"ဟန်ကျတယ်ဗျို့... ခင်ဗျားနာမည်ခေါ်ရတာ၊ တချို့ခင်ဗျားတို့လူမျိုးတွေရဲ့ နာမည်တွေက အတော်ကို အသံထွက်ခက်တယ်။ ကျုပ်နာမည်ကတော့ 'ရီးယားကော့' သို့မဟုတ် 'ခြင်္သေ့သူရဲကောင်း" အမျိုးကတော့ (ခါဒစ်စတန်) မျိုးပဲ။ ကျွန်ုပ်တို့ လူမျိုးထဲမှာတော့ အမြင့်မြတ်ဆုံးပေါ့"

ခရစ်ယာန်ဆာကဲနက်....။ "ဟုတ်ပါတယ် ကျွန်ုပ်ကြားဖူးပါတယ်။ ခင်ဗျားတို့ ရှင်ဘုရင် "ဆိုလ်ဒင်" တောင် ဒီအမျိုးကဆင်းသက်တယ်ဆိုတာ သိရတယ်"

ဆာရ်ဆင်။ "ဒါထက်မိတ်ဆွေတို့လူမျိုးမှာ မင်းသားတွေနဲ့ သူရဲကောင်း ဘွဲ့ရတဲ့လူတွေဟာ တယ်ပြီးနာမည်ကြီးပါလား။ တကယ်လို့များ ကျုပ်က မိတ်ဆွေတို့ စစ်တပ်ထဲကို အလည်အပတ်လိုက်ခဲ့မယ်ဆိုရင် ကျုပ်ကို မျက်နှာမငယ်အောင် ကာကွယ်နိုင်ပါ့မလား..."

ဆာကဲနက်။ "ဘာစိုးရိမ်စရာရှိသလဲ မိတ်ဆွေ ကျုပ်တို့လူမျိုးမှာ (Kinght) နိုက်ဆိုတဲ့ သူရဲကောင်းဘွဲ့ကို ရပြီးရင် သာမန်လူကို မဆိုထားနဲ့ အသက်ဦးဆံပိုင်တဲ့ ရှင်ဘုရင်နဲ့တောင် ဂုဏ်အတူတူပါပဲ။ ဥပမာ ယခုကျုပ်တို့စစ်တပ်ထဲမှာ ခေါင်းဆောင်နေတဲ့ အင်္ဂလန်ဘုရင် ရစ်ချာ့ဒ် (Richard) က ကျုပ်ဂုဏ်ကို ထိခိုက်စော်ကားလို့ ကျုပ်က သူ့ကို တစ်ယောက်ချင်း တိုက်ဖို့ခေါ်ရင် သူမငြင်းနိုင်ဘူး..."

ဆာရ်ဆင်သည် အံ့ဩဟန်ဖြင့် "အား အခုလိုစားချိတ်တဲ့ သားရေခါး

mgyne.com

mgyoe.com


ပတ်နဲ့ စပါး (Spurs) ဆိုတဲ့ မြင်းစီးဖိနပ် ဖနောင့်တပ်သံချွန်ကလေးရတာနဲ့ ရှင်ဘုရင်နဲ့ ဂုဏ်ချင်းတူတယ်ဆိုတော့ ကျုပ် ခင်ဗျားတို့နေရာလိုက်ခဲ့ချင်စမ်းပါဘိဗျာ"

(သူရဲကောင်းအဖြစ်သို့ ရောက်သောအခါ ဓားချိတ်ခါးပတ်နှင့် မြင်းစီးဖိနပ်သံချွန်ကို တပ်ဆင်ရ၏။ ဤကား ထိုခေတ်၌ သာမန်လူတို့နှင့် ကွဲသော အသုံးအဆောင်ဖြစ်သည်။)

ဆာကဲနက်။ (မကျေနပ်ဟန်ဖြင့်) ဒီမြင်းစီးဖိနပ် သံချွန်နဲ့ သားရေခါးပတ်ကိုသာ စကားထဲထည့်ပြောမယ်ဆိုရင် ခင်ဗျားမတရားဘူး၊ စင်စစ်သူရဲကောင်းတစ်ယောက်ရဲ့ လွတ်လပ်စွာ နေချင်တဲ့စိတ်နဲ့ အကြောက်အရွံ့မရှိစွန့်စားတဲ့ သတ္တိတွေလည်း ထည့်တွက်ဦးမှပေါ့ဗျ..."

ဆာရ်ဆင်။ 'ကဲ ခင်ဗျားပြောတာ ဟုတ်ပြီထားပါတော့ဗျာ။ ဒါဖြင့်ခင်ဗျားတို့သူရဲကောင်းတွေဟာ ရှင်ဘုရင်နဲ့ ဂုဏ်ချင်းတူတယ်ဆိုတာလို၊ မင်းသမီးတွေဘာတွေနဲ့ကော တန်းတူချစ်ကြိုက်ခွင့်ရှိပါသလား"

ဆာကဲနက်မှာ ရုတ်တရက်မနှစ်သက်ဟန်ပေါ်သွားပြီး....

"အိုး ဘုရားမကြိုက်တာတွေ၊ ကျုပ်တို့ခရစ်ယာန်ဘာသာမှာ သူရဲကောင်းတစ်ယောက်ဟာ သူ့ရဲ့အောင်မြင်စွာ တိုက်ခိုက်ခဲ့တဲ့ ဂုဏ်ပုဒ်တွေမြင့်မြတ်တဲ့အချစ်ကိစ္စနဲ့ ပတ်သက်ပြီးဖြစ်စေ၊ သူ့ချစ်သူဟာ သရဖူဆောင်းတဲ့မင်းသမီးပဲဖြစ်ဖြစ် ထုတ်ဖော်ပြီးကြွားဝါခြင်း မလုပ်ရဘူးခင်ဗျ"

"သြော်..." ဆာရ်ဆင်သည် စိတ်ဝင်စားဟန်နှင့် "ဒါထက် မိတ်ဆွေပြောတဲ့ စကားထဲမှာ အချစ်ကို မြင့်မြတ်ဆုံးအရာတစ်ခုလို့ ယူဆထားပေတယ်။ နို့ မိတ်ဆွေမှာကော ဒီလိုမြင့်မြတ်တဲ့အချစ်များရှိလေသလား။ ကျုပ်စိတ်ထင်ဖြင့် မိတ်ဆွေလို ရုပ်ရည်ချောသလောက် အတိုက်အခိုက်ကောင်းတဲ့သူရဲကောင်းတစ်ယောက်မှာ..."

ဆာရ်ဆင်၏ စကားမဆုံးမီ ဆာကဲနက်မှာ မျက်နှာပျက်သွား၍

"တော်ပါတော့ မိတ်ဆွေ ကျုပ်မှာ ချစ်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မပြောသင့်ပါဘူး။ ဒါပေမဲ့ ကျုပ်ချစ်သူဟာ အထက်တန်းအကျဆုံး၊ ဂုဏ်သရေအရှိဆုံး၊ အမြင့်မြတ်ဆုံးဆိုတာ မိတ်ဆွေသိချင်ရင်ဖြင့် သိထားပေရော့။ ဒီထက်ပိုပြီးတော့ဖြင့် မမေးပါနဲ့တော့။ အခုမှ

mgyoe.com

mgyoe.com


တွေ့ရတဲ့လူနှင့် ဒီလောက်ဆို တော်လောက်ပြီ၊ ကျုပ်တို့ စစ်တပ်ထဲမှာ အချစ်နဲ့ပတ်သက်ပြီး ရန်ဖြစ်ကြတဲ့ ဓားသံ၊ လှံသံ၊ ဒိုင်းသံတွေကို ကြားချင်ရင်ဖြင့် လိုက်ခဲ့ပေရော့။ ခင်ဗျားကိုယ်တိုင်လည်း တစ်ပွဲတစ်လမ်းစမ်းချင်ရင် စမ်းနိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျား ကျုပ်တို့ဘုရင်ရစ်ချာ့ဒ်ရဲ့ ရဲဒင်း၊ ပုဆိန်ကြီးကို မြင်ရရင်ဖြင့် တစ်ခါတည်း လန့်သွားမှာပဲ။ အခု ကျုပ်မြင်းကုန်းနှီးမှာ ချိတ်ထားတဲ့ ပုဆိန်ဟာ သူ့ပုဆိန်ကြီးနဲ့ နှိုင်းယှဉ်လိုက်ရင်ဖြင့် ကျုပ်ပုဆိန်ဟာ ပီဘိငှက်မွေးကလေးဖြစ်သွားတာပဲ"

ဆာရ်ဆင်။ "အင်း ကျုပ်လည်း ခင်ဗျားတို့ ကျွန်းဘုရင်ရဲ့အကြောင်းကို ကြားဖူးပါတယ်။ ခင်ဗျားဟာ သူ့တိုင်းပြည်သားတစ်ယောက်လား..."

ဆာကဲနက်။ "အခု စစ်ပွဲထဲမှာတော့ သူ့နောက်လိုက်တစ်ယောက်ပေါ့။ ဒါပေမဲ့ သူ့လက်အောက်ခံတိုင်းပြည်သား မဟုတ်ပါဘူး။ တစ်ကျွန်းတည်းပေမယ့် တိုင်းပြည်ခွဲတစ်ခုကပါ..."

ဆာရ်ဆင်။ "အား... ဒီလိုဆို ခင်ဗျားတို့ ကျွန်းငယ်ကလေးမှာ ရှင်ဘုရင်နှစ်ယောက်ပေါ့"

ဆာကဲနက်။ "ခင်ဗျားပြောတာမှန်ပါတယ်။ ကျုပ်က သူ့လက်အောက်ခံမဟုတ်တဲ့စကော့လူမျိုးပါ"

ဤသို့လျှင် မကြာမြင့်မီ ရန်သူအဖြစ်မှ ကူးပြောင်းခဲ့သော မျိုးမတူ၊ ဘာသာခြားမိတ်ဆွေနှစ်ယောက်သည် စကားတပြောပြောနှင့် မြင်းများကို ဖြည်းညင်းစွာ စီး၍လာခဲ့ကြရာ၊ ထိုသဲကန္တာရအတွင်းရှိ တောတစ်ခုထဲသို့ ဝင်ခဲ့ကြပြီးနောက်၊ ယခုအခါ လိုဏ်ဂူကျောက်ဆောင်လျှို မြောင်တို့ဖြင့် ပြည့်နှက်နေသော တောလယ်သို့ရောက်ခဲ့ကြလေ၏။

ဤတောအုပ်သည် ခရစ်ယာန်သူရဲကောင်း၏ စိတ်ကို တစ်မျိုးတစ်ဖုံ ထိခိုက်စေ၏။ စိတ်တွင်း၌ အဘယ်သို့ ခံစားရသည်ကိုကား၊ အသေအချာ မဖော်ပြနိုင်။ တဖြည်းဖြည်း စိတ်မရွှင်လန်းသလိုသာဖြစ်လာပြီး မိတ်ဆွေ ဆာရ်ဆင်၏စကားများကို အာရုံစိုက်ခြင်းမှ တစ်စတစ်စ စိတ်မဝင်စားနိုင်တော့ဘဲ ၎င်း၏ စိတ်ဓာတ်သည် ဘုရားသခင်နှင့်စပ်ဆိုင်သော အကြောင်းအရာတစ်ခုသို့ ကူးပြောင်းသွားလေ၏။ ယခု မိမိရောက်နေသော တောနက်ကြီးသည်ကား ဘုရားသခင် အရက်လေးဆယ်တိတိ အာဟာရရှောင်ကြဉ်၍

mgyoe.com


သော ဒေသဖြစ်၏။ ဤအရပ်၌ပင်လျှင် ဘုရားသခင်အား မိစ္ဆာဒိဋ္ဌိ 'ဆေတင်' (Satan) က သွေးဆောင်ဖျက်ဆီးခြင်းကိုပြုခဲ့၏။ ယခုတွင် မိမိသည် ဘာသာရေးနှင့်စပ်လျဉ်း၍အလွန်ပင်ကြောက်မက်ဖွယ်ကောင်းသော ဤတောကြီးထဲ၌ ခရစ်ယာန်မဟုတ်သော ရန်သူလူမျိုးမဟာမေဒင်တစ်ယောက်နှင့် နှစ်ယောက်တည်း ခရီးသွားလျက် ရှိသည်။ ယခု မိမိ၏အပြုအမူ အခြေအနေကို ဘုရားသခင်နှစ်သက်ပါမည်လော... အစရှိသည်ဖြင့် တွေးတောမိကာ မိတ်ဆွေဆာရ်ဆင်၏ လောကီနှင့်စပ်ဆိုင်သော ပျော်ရွှင်စရာ စကားများကို နားထောင်၍ ပြန်လှန်ပြောဆိုရန် စက်ဆုပ်သလို ဖြစ်လာလေ၏။

ဆာရ်ဆင်မှုကား မိမိမိတ်ဆွေက စကားပြောလိုဟန်မရှိ ဆိတ်ငြိမ်စပြုလာသောအခါ ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ နေလုံးပျောက်၍ အအေးဓာတ်ဖြစ်ပေါ်လာခြင်း၊ လေပြည်ကလေးတို့သည် သဲကုန်းကျောက်တောင်တို့ အကြားမှ ဖြတ်သန်းတိုက်ခိုက်လာခြင်း၊ ဤလမ်းသည် မိမိသွားနေကျခရီးဖြစ်ခြင်းတို့ကြောင့် ပျော်ရွှင်လာကာ အာရပ်ဘာသာသီချင်းများကို သီဆိုစပြုလေ၏။

ဆာကဲနက်မှာ ၎င်းသီချင်းသံကို ကြားရသောအခါ သူ့နား၌ နားငြီးခြင်းသာဖြစ်၍ ရဲရင့်ပျော်ရွှင်တတ်သော မိတ်ဆွေကိုပင် မနှစ်လိုစိတ်ဖြစ်ပေါ်လာလေသည်။ ဆာရ်ဆင်မှာကား မိတ်ဆွေ၏စိတ်ဖြစ်တည်နေပုံကို မသိရှာဘဲ တဖြည်းဖြည်း ပိုမိုပျော်ရွှင်လာကာ သီချင်းသံမှာ တစ်စတစ်စ ကျယ်သထက်ကျယ်လာ၏။ နောက်ဆုံး၌ ဆာကဲနက်သည် သည်းမခံနိုင်တော့ဘဲ...

"ဆာရ်ဆင်..." ဟု အသံခပ်မာမာနှင့် ခေါ်လိုက်မိပြီး "ခင်ဗျားဟာ ဘာသာမှန်ကို မသိနားမလည်တဲ့လူတစ်ယောက်ပီပီ၊ အမှားတွေထဲမှာ နှစ်မြုပ်နေတော့တာပဲ။ စင်စစ် ဒီနေရာဟာ တခြားနေရာတွေနဲ့မတူ ပိုမိုထူးခြားတယ်ဆိုတာ ခင်ဗျားနားလည်သင့်ပါတယ်။ ဒီကျောက်ဆောင်တွေ လျှိုမြောင်တွေ၊ ဂူလိုဏ်တွေ မည်းမှောင်နေတဲ့ ထောင့်ကွေ့တွေဟာ ကျုပ်တို့ဘုရားသခင်ကို သွေးဆောင်ဖျက်ဆီးတဲ့ မိစ္ဆာဒိဋ္ဌိဆေတင်ရဲ့ သွားလာကျက်စားနေတဲ့ဒေသပါပဲ။ ဒါတွေ ကျုပ်ပြောလို့လည်း ခင်ဗျားနားလည်မှာ မဟုတ်ပါဘူး။ ခင်ဗျားကို ရှင်းရှင်းပြောရရင်ဖြင့်၊ ဒီနေရာမှာ ဘာမဟုတ်တဲ့ သီချင်းတွေကို ဆူညံအောင် ဆိုနေဖို့ မဟုတ်ပေဘူး။ ဒါကြောင့် ခင်ဗျားသီချင်းဆိုခြင်းကို တော်ပါတော့..."

mgyoe.com

mgyoe.com


ဘာသာရေးမွှန်နေသော ဆာကဲနက်၏ ဤစကားမှာ အတော်ပင် ရိုင်းချေသည်။ ဆာရ်ဆင်သည် အံ့သြစွာနားထောင်နေရာမှ ပထမ၌ အတော်ပင် စိတ်ထောင့်သွားသေး၏။ သို့သော် ယဉ်ကျေးစွာပြောရန် ဆုံးဖြတ်ချက်ချလိုက်ပြီး ချိုသာသောမျက်နှာထားနှင့်ပင်–

"မိတ်ဆွေ ဆာကဲနက်၊ ရေအိုင်ကလေးမှာ နားကြစဉ်တုန်းက ခင်ဗျားဟာ ကျုပ်တို့ဘာသာနဲ့ လူမျိုးများ မနှစ်သက်တဲ့ ဝက်သားနဲ့ ခင်ဗျားတို့ခရစ်ယာန်တွေရဲ့ ယဉ်ကျေးခြင်းခေါ်တဲ့ အရက်ကို သောက်စားတဲ့အခါမှာ ကျုပ်ဘာမျှ တားမြစ်ခဲ့ခြင်းမပြုဘဲနဲ့ အခု ကျုပ်ပျော်ရွှင်လို့ဆိုတဲ့သီချင်းကိုတော့ ခင်ဗျားတို့ဘာသာရေးနဲ့ ပတ်သက်ပြီး အပြစ်တင်သင့်ပါသလား..

ဆာရ်ဆင်၏ စကားမှာ မိတ်ဆွေတစ်ဦးအနေနှင့် အချက်ကျမှန်ကန်ပေသောကြောင့် ဆာကဲနက်မှာ မိမိစကားလွန်သွားသည်ကို သတိပြုမိ၍ အသံကိုနှိမ့်ချလိုက်ပြီး...

"ဟုတ်ပါတယ်မိတ်ဆွေ... ကျုပ်ဟာ ခင်ဗျားရဲ့ ပျော်ရွှင်ခြင်းကို အပြစ်မတင်သင့်ပါဘူး၊ ဒါပေမဲ့ ဒီလိုမကောင်းသူ မကောင်းသား လူရဲ့ဝိညာဉ်ကို ဖျက်ဆီးတတ်တဲ့ သူရဲတွေတစ္ဆေတွေပေါတဲ့တောကြီးထဲမှာ အရက်အကြောင်း အချစ်ကြောင်းသီချင်းတွေ ဆိုနေတာထက်၊ ဘုရားသခင်ကိုအောက်မေ့ဆင်ခြင်နေတာက ကောင်းပါလိမ့်မယ်။ ဒီလိုဘုရားသခင်ကို သတိရနေခြင်းသာ မကောင်းသူမကောင်းသားတွေကို ပယ်ထုတ်နိုင်ပါလိမ့်မယ်" ဟု ပြောလိုက်၏။

ဤနေရာ၌ ဆာရ်ဆင်သည် ဘာသာမတူသူတစ်ယောက်နှင့် စကားမရှည်လိုတော့သဖြင့် ခပ်အေးအေးပင် ဆိတ်ငြိမ်နေလိုက်တော့၏။

ယခုအချိန်ကား နေလုံးပျောက်ခဲ့ပြီဖြစ်၍ အလင်းရောင်အနည်းငယ်ကလေးသာ ကျန်တော့လျက်၊ သဲကုန်းမြင့်နှင့် ကျောက်ဆောင်တို့မှာ အရှေ့သို့ အရိပ်ပြေးထိုးကာ မှောင်မည်းစပြုလေ၏။ သို့သော် ဆာကဲနက်သည် ယခုအချိန်၌ မိမိတို့နှစ်ဦးတည်းသာ ခရီးသွားနေကြသည်မဟုတ်ကြောင်းသိရှိရလေ၏။ အကြောင်းမူကား အလွန်ပိန်၍အရပ်မြင့်မားလျက် အမွေးရှည်ရှည်စုတ်ဖွားဖွားရှိသော သတ္တဝါကြီးတစ်ကောင်သည် လမ်းနံဘေးမှ သဲကုန်းကျောက်ဆောင်ကလေးတို့၏ မှောင်ရိပ်ကို ခို၍ သူတို့နောက်သို့ ချောင်းမြောင်း

mgyoe.com

mgyoe.com


လိုက်လာနေသည်ကို မြင်ရလေ၏။ ထိုအကောင်ကြီးမှာ ဆာကဲနက်၏ မျက်စိထဲတွင် ရုံး Rome မြို့က ရှေးဘုရားရှိခိုးကျောင်းကြီးများထဲ၌ရှိသော လူတစ်ပိုင်းသိုးတစ်ပိုင်းအရုပ်ကြီးများနှင့်တူသည်ဟု ထင်မိလေသည်။ သို့သော် ဆာရှဲဆင်ကိုမပြမိသေးဘဲ ဤထူးဆန်းသော သတ္တဝါကြီး၏ တောင်ကုန်း–သဲတန်း–လျှိုမြောင်တို့တွင် ခုန်လိုက်၊ ဝပ်လိုက်၊ ထလိုက်နှင့် ကျွမ်း ကျင်စွာ လှုပ်ရှားသွားလာနေသည်ကိုသာ ငေးမောကြည့်ရှုနေမိလေ၏။

နောက်ဆုံး၌ ဆာကဲနက်ယောင်ဝါးနေစဉ်မှာပင် ထိုအကောင်ကြီးသည် လျင်မြန်လှစွာလမ်းလယ်သို့ ခုန်ထွက်လာပြီးအမှတ်မဲ့ သွားနေသော ဆာရှဲဆင်မြင်း၏ ဇက်ကြိုးကို တအားဆောင့်ဆွဲလိုက်လေသည်။ မြင်းမှာ အလွန်နာကျင်၍ ပတတ်ရပ်ကာ နောက်သို့ လှန်ချလိုက်ရာ ဤနေရာ၌သာ ဆာရှဲဆင် မြင်းစီးမကျွမ်းကျင်ခဲ့ပါလျှင် သူ့မြင်းအောက်၌ ပိနေရန် အကြောင်းရှိ၏။ သို့သော် ရုတ်တရက် သတိကောင်းလှသော ဆာရှဲဆင်သည် မြင်း၏ အောက်မှ လွတ်ကင်းအောင်ရှောင်လိုက်နိုင်၏။ ဤလျင် မြန်လှသော အချိန်ကလေးအတွင်း၌ပင် ထိုအံ့ဩစရာကောင်းလှသော သတ္တဝါကြီး၏လက်နှစ်ချောင်းသည် မြေပေါ်၌ လဲနေသော ဆာရှဲဆင်၏ လည်ပင်းပေါ်သို့ ရောက်ရှိသွားလေ၏။ ဆာရှဲဆင်သည် များစွာပင်စိတ်ဆိုးလှ၍ ရွံရှာသော ပမာမခန့် ရယ်မောသံဖြင့်...

"ဟာမက်ကိုး... အရူး လွှတ် ငါ့ကို၊ အခု နင့်အခွင့်အရေးထက် ပိုလွန်နေပြီ၊ မလွှတ်ရင်ငါ့ ဓားမြှောင်အသုံးချရလိမ့်မယ်..."

"နင့် ဓားမြှောင်လား.... ဒီဋ္ဌခွေး.... ကိုင်နိုင်ကိုင်စမ်း" ထိုသို့အော်ရင်း ဤထူးဆန်းသော သတ္တဝါကြီးသည် ဆာရှဲဆင်လက်မှ ဓားမြှောင်ကို လုယူပြီး သူ့ဦးခေါင်းပေါ်သို့မြှောက်၍ ထိုးရန်ဟန်ပြင်လေ၏။

ဤအချိန်၌ ဆာရှဲဆင်မှာ သူမတတ်နိုင်တော့မှန်း သိလာသဖြင့် စိုးရိမ်စိတ် ဖြစ်ပေါ်လာကာ ကြက်သေသေနေသော ဆာကဲနက်သို့...

"မိတ်ဆွေ မြန်မြန်ကယ်ပါ၊ ကျုပ်ကို အရူးသတ်တော့မယ်" ဟု အော် လိုက်လေ၏။

ဆာကဲနက်မှာ ထိုအခါမှ သတိရလာ၍ ဤထူးဆန်းသော လူကြီးအား တင်းမာစွာ စကားပြောလိုက်သည်။

mgyoe.com

mgyoe.com


"အသင် ဘယ်သူပဲဖြစ်ဖြစ် အခုအချိန်အတွင်းမှာ ဆာရ်ဆင်နဲ့ကျုပ် မိတ်ဆွေအဖြစ် ကတိပြုထားကြတဲ့အတွက် ဆာရ်ဆင်ကို လွှတ်လိုက်ပါ။ သို့မဟုတ်လျှင် အသင့်ကို ကျုပ်တိုက်ရပါလိမ့်မယ်..."

"သိပ်သင့်တော်တဲ့စကားပဲ..." ထိုသူကြီးသည် များစွာမနှစ်မြို့ဟန်နှင့် "ခရစ်ယာန်ခရုဆိဒ်စစ်သားတစ်ယောက်က နှစ်ခြင်းမခံရတဲ့ခွေးကောင် အတွက်နဲ့ ကိုယ့်ဘာသာတူချင်းကို တိုက်မယ်ပြောရတာ...." ထိုသို့ ဆိုရင်း ဆာရ်ဆင်အား လဲနေရာမှထစေကာ သူ့ဓားမြှောင်ကို ပြန်ပေးရင်း "ကဲ သင် သိပြီမဟုတ်လား။ တို့ဘုရားသခင်အလိုတော်ရှိလာတဲ့အခါမှာ၊ သင့်လိုစွမ်းရည် သတ္တိနဲ့ အတိုက်အခိုက်ကောင်းလှတဲ့ လူတစ်ယောက်ကိုတောင် ငါ့လို လူအို ပိန်ညှောင်ကြီးက သတ်နိုင်တယ်ဆိုတာကို" ဟု ခပ်မာမာပြောလိုက်လေ၏။

သို့ရာတွင် ဆာရ်ဆင်သည် မည်သို့မျှ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း အမူအရာပျက်ခြင်း တစ်စုံတစ်ရာမျှ မရှိဘဲ...

"ဟာမက်ကိုး... အခု အသင့်ကိုပေးထားတဲ့ အခွင့်အရေးကို ဘယ် လောက်များ ကျူးလွန်နေသလဲဆိုတာ စဉ်းစားပါ။ ဒါကြောင့် ကျုပ် စိတ်မဆိုး အောင် ဘယ်လိုများတောင်းပန်မလဲ...။ နို့ပြီး တစ်ခုမှတ်ထားရမှာက ကျုပ်ကို နောက်တစ်ကြိမ် ဒီလိုများ ကြမ်းကြမ်းတမ်းတမ်းလုပ်ရင် သင့်ခေါင်းစုတ်ဖွား ကြီးဟာ သင့်ကိုယ်နဲ့ အိုးစားကွဲပြီဆိုတာ သတိထားပေရော့..." ဟု အသံ ခန့်ခန့်နှင့် အင်မတန်တန်ခိုးအာနိသင် ပြည့်စုံသောလူတစ်ယောက်ကဲ့သို့ ပြောလိုက်ပြီးနောက် သူ့မြင်းပေါ်သို့ ပြန်တက်ရင်း ဆာကဲနက်သို့...

"မိတ်ဆွေ ဆာကဲနက် ကျုပ်က အပြောသမားထက် အလုပ်သမားကို ပိုပြီး နှစ်သက်တဲ့လူ။ အခု ဒီဟာမက်ကိုးက ကျုပ်ကို အရှုးထပြီး သတ်မယ် လုပ်တုန်းမှာ ခင်ဗျားက အဝေးကနေပြီး စည်းကမ်းကြီးစွာ စကားပြောနေမယ့် အစား လျင်မြန်စွာလာပြီး ကူညီသင့်တယ်။ ခုလို ခင်ဗျား အေးအေးဆေးဆေး လုပ်ပုံမျိုးနဲ့ဆိုရင် ဟာမက်ကိုးများ ဒီထက်ပိုအရူးထရင် သင်ကတိထားတဲ့ မိတ်ဆွေတစ်ယောက် သင့်မျက်မှောက်မှာ အသက်ဆုံးဖို့ရှိတော့တာပဲ"

ဆာကဲနက် (စိတ်မကောင်းဟန်နှင့်) "ဟုတ်ပါတယ် မိတ်ဆွေ အမှန် အားဖြင့် ကျုပ်အပြစ်ပါပဲ။ စင်စစ် ဒီထူးဆန်းတဲ့ ပုံသဏ္ဍာန်ကြီးရယ်၊ ရုတ် တရက် ဝင်ရောက်ဆွဲငင်လိုက်တာရယ်၊ သိပ်မြန်ဆန်လွန်းတော့ ကျုပ်မှာ

mgyoe.com

mgyoe.com


အံ့အားသင့်ပြီး သူဟာ လူသားစင်စစ်မဟုတ်ဘဲ ခင်ဗျားတောထဲမှာ တွေ့ကရာတွေ လျှောက်ပြောလို့ ရုတ်တရက်ပေါ်လာတဲ့မကောင်းဆိုးဝါးကြီး အောက်မေ့တာနဲ့ ကျုပ် ကူညီဖို့ နှစ်မိနစ် သုံးမိနစ်လောက် နောက်ကျသွားခြင်း ဖြစ်ပါတယ်..."

ဆာရ်ဆင်သည် ကျေနပ်ဟန်ဖြင့် "ဒါပေမဲ့ ဒီနေရာမှာ ခင်ဗျားလုပ်တာဟာ မှန်တယ်... ခင်ဗျားဟာ အေးအေးဆေးဆေးနဲ့ စဉ်းစားဉာဏ်ရှိတဲ့လူတစ်ယောက်လို့ ခေါ်ရပေမယ်"

သို့သော် ဆာကဲနက်သည် သူ့ကိုယ်သူ မကျေနပ်နိုင်ဘဲ...

"မဟုတ်ဘူးဗျာ... ကျုပ်ခါတိုင်းဆိုရင် လက်နက်ထုတ်ဖို့ ဘယ်တော့မှ နှေးတဲ့လူ မဟုတ်ပါဘူး။ ခုတော့ ဒါကြီးကို လူမဟုတ်ဘဲ တကယ့်မကောင်းဆိုးဝါးကြီး အောက်မေ့တာနဲ့ပါ"

ဆာရ်ဆင် "ဒါ သရဲကြီးမဟုတ်ဘူးမိတ်ဆွေ။ ခင်ဗျားအခုတွေ့ရအောင် အလည်လာတဲ့ ခရစ်ယာန်ပညာရှိ ရသေ့ကြီးဆိုတာ သူပဲဗျ..."

"ဟာ... ဒါကြီး..." ဆာကဲနက်သည် သူ့ရှေ့၌ ရပ်နေသော ပိန်ရှည်ရှည် ဆိတ်ရေဝတ်စုတ်ဖွားဖွား လူကြီးကို ကြည့်၍ မယုံကြည်နိုင်ဟန်ဖြင့် "ခင်ဗျား ပြောင်ပြောတာပဲ မိတ်ဆွေ... ဘယ်နည်းနဲ့မှ ဒါဟာ ကျုပ်တို့ရဲ့ မြင့်မြတ်တဲ့ရသေ့ကြီး 'သီယိုဒရစ်' မဖြစ်နိုင်ပါဘူး...."

ဆာရ်ဆင်။ "ခင်ဗျား ကျုပ်ပြောတာ မယုံရင် သူ့ကိုယ်တိုင်ကိုပဲ မေးလေဗျာ"

ဆာရ်ဆင်၏ စကားမဆုံးမီ ရသေ့ကြီးသည် သူ့ကိုယ်သူသက်သေခံလေသည်။

"ကျွန်ုပ်သည် အင်ဂတီက ရသေ့ကြီးသီယိုဒရစ်။ ကျွန်ုပ်သည် သဲကန္တာရထဲက လမ်းလျှောက်သမား....။ ကျွန်ုပ်သည် ခရစ်ယာန်တို့မဟုတ်ဘဲ ဒိဋ္ဌိတွေကို ချတဲ့တင်းပုတ်ကြီး။ သင်တို့ရှောင်ကြ ရှားကြ မဟာမေဒင်နဲ့ သူ့နောက်လိုက်တွေကို ချ.... ချ"

ဤသို့ကျယ်လောင်စွာ အော်ဟစ်ရင်း သူ၏ဆိတ်သားရေအမွေးရှည် အဝတ်ကြီးထဲမှ သံပြားအနားကွပ်သစ်သားတင်းပုတ်ကြီးကို ထုတ်၍ သူ့ခေါင်းပေါ်၌ စက်ဝိုင်းကဲ့သို့ လည်ပတ်အောင် ထူးဆန်းသော ကျွမ်းကျင်ခြင်း

mgyoe.com

mgyoe.com

ဖြင့် ဇော့ယမ်းလှည့်ပတ်လျက် တစ်ဟုန်တည်း ခုန်ပေါက်ပြေးလွှားလေ၏။

ဆာကဲနက်မှာ အံ့သြ၍မဆုံးနိုင်ဘဲ "ဒါအရူးကြီးပဲ..." ဟု ပြောလိုက်လေ၏။

ဤအရပ်ဒေသ၌ ကောင်းစွာ ကျွမ်းကျင်နားလည်နေသော ဆာရ်ဆင်က...

"မဟုတ်ဘူးဗျ... ခင်ဗျားတို့ရဲ့ ရသေ့သူမြတ်ကြီးအစစ်ပဲ။ သူတို့လို လူစားတွေဟာ ဒီလိုပဲဗျ... တရားတွေနင်းကန်ကျင့်၊ တစ်ခါတလေ စိတ်ထဲမှာ စွဲလမ်းတာတွေ လွန်ပြီးတော့ အရူးလိုဖြစ်တတ်တယ်။ အခု သူခါတိုင်းထက် ပိုပြီး ရူးတာ၊ အရင်တုန်းကကျုပ်ကို ဒီလိုတစ်ခါမှမလုပ်ဖူးဘူး..."

ရသေ့ကြီးသည် ပြေးရင်း တစ်ဖန်အော်ပြန်၏။

"ကျွန်ုပ်သည် အင်ဂတီကရသေ့ကြီး သီယိုဒရစ်၊ ကျွန်ုပ်သည် သဲကန္တာရထဲက မီးစကြီး၊ ကျွန်ုပ်သည် ဒိဠ္ဌိတွေကို သတ်တဲ့တင်းပုတ်ကြီး...."

ဤသီချင်းပိုဒ်ကို ဆိုရာ၌ သုံးခါခုန်လျှင် အသံတစ်ခါချ၍ အလွန်ပင် ရယ်စရာကောင်း၏။ စင်စစ် သူ၏ပြုမူပုံသည် ကျောင်းဆရာတစ်ယောက်ဖြစ်လျှင် ကျောင်းသားများအဖို့ ကျန်းမာရေးလေ့ကျင့်ပေးရန် အလွန်သင့်လျော်သော်လည်း အကျင့်သိက္ခာရှိသော ရသေ့ကြီးအဖို့တွင်မူ၊ အလွန်ပင်အရုပ်ဆိုးလှ၏။

ရသေ့ကြီးသည် ပြေးရင်းခဏခဏရပ်၏။ တင်းပုတ်ကြီးကိုလည်း ဇော့ယမ်းရင်း တစ်ကြိမ်နားလျှင် သုံးခါခုန်၏။ ဆာရ်ဆင်သည် ရသေ့ကြီး၏ အမူအရာကို နားလည်နေသူဖြစ်၍...

"ကြည့်မိတ်ဆွေ ရသေ့ကြီးဟာ ကျုပ်တို့ကို သူ့ဂူကိုခေါ်နေတယ်။ ကျုပ်တို့လည်း ခုညအဖို့ သူ့ဂူကလွဲလို့ တခြားတည်းခိုစရာမရှိဘူး။ ကဲ မြန်မြန်မီအောင် လိုက်ကြစို့"

ထိုသို့ပြောပြီး သူတို့သည် မြင်းများကို အမြန်နှင်ကြလေ၏။ ရသေ့ကြီးကား ပြေးလိုက် ခုန်လိုက်ရပ်လိုက်နှင့် သဲကန္တာရထဲ၌ ငှက်ကုလားအုတ်ပြေးသကဲ့သို့ လျင်မြန်လေသည်။ လမ်းသည်သဲကုန်းတန်း၊ ကျောက်ဆောင်ကျောက်ဂူတို့နှင့် တဖြည်းဖြည်း ကျပ်တည်းကျဉ်းမြောင်းလာသည်ဖြစ်၍ ပေါ့ပါးသွက်လက်လှသော ဆာရ်ဆင်၏ သဲကန္တာရမြင်းပင်လျှင် သွားရန်

mgyoe.com

mgyoe.com


ခဲယဉ်းလာလေရာ၊ ဆာကဲနက်၏ မြင်းကြီးမှာကား လေးလံလှသော ဝန်နှင့် အတော်ခက်ခဲစွာပင် ခြေလှမ်းရလေ၏။ ဆာကဲနက်ကား ဤလမ်းမျိုးကို သွားရမည့်အစား၊ တိုက်ပွဲဆယ်ပွဲလောက်ကို ဆက်၍တိုက်လိုက်ချင်သေး၏။ သို့သော် မကြာမီပင် ရသေ့ကြီးသည် သူ၏ဂူဝင်ဒွါရပ်ပြီး မီးပြနေသည်ကို မြင်ရလေရာ၊ များစွာပင် ဝမ်းသာမိလေ၏။

❐

mgyoe.com

mgyoe.com

## အခန်း (၄)

## အင်ဂတီ

သူရဲကောင်းနှစ်ယောက်တို့သည် မြင်းများပေါ်မှဆင်းကြပြီးနောက်၊ အမြင်အားဖြင့် သေးငယ်ကျဉ်းမြောင်းဟန်ရှိသော ရသေ့ကြီးဂူထဲသို့ ဝင်ကြလေ၏။ ဂူအတွင်းမှာကား အပိုင်းနှစ်ခုခွဲခြားထား၍ အပြင်ဘက်ပိုင်းမှာ ကျောက်တုံးကို ထုလုပ်ထားသော ပလ္လင်ကလေးနှင့် ကျူရိုးကိုပြုလုပ်ထားသော လက်ဝါးကပ်တိုင်ကလေးတစ်ခုရှိ၍ ရသေ့ကြီး၏ဘုရားရှိခိုးခန်းဖြစ်ဟန်တူသည်။

ထိုအပြင်ဘက်ပိုင်း ထောင့်တစ်ထောင့်စီ၌ မိတ်ဆွေနှစ်ယောက်တို့သည် မြင်းများကို ချည်ကြ၍ ဤအရပ်ဒေသအကြောင်း နားလည်ပြီးသော ဆာရ်ဆင်က မြင်းများကို ညဥ့်အဖို့၌ မည်သို့ စီမံထားရမည်ဖြစ်ကြောင်း ဆာကဲနက်အား ပြောပြလေ၏။ ထိုအချိန့်တွင် ရသေ့ကြီးသည် အတွင်းခန်း၌ ဧည့်သည်များအဖို့ အစားအသောက်အိပ်ရာနေရာများ ပြင်ဆင်ရခြင်းဖြင့် အလုပ်များလျက်ရှိလေသည်။ မိတ်ဆွေနှစ်ယောက်တို့သည် မြင်းများကို ညဥ့်အဖို့ နေသားတကျ စီမံပြီးနောက်၊ ရသေ့ကြီးရှိရာအခန်းထဲသို့ ဝင်ခဲ့ကြလေ၏။ ဤအခန်းတွင်း အခင်းကြမ်းပေါ်၌ ပျဉ်ပြားတစ်ခုနှင့် ပိတ်ထားသော အပေါက်ငယ်တစ်ခုရှိ၍ ထိုအပေါက်ငယ်မှ အောက်သို့ ဆင်းခြင်းအားဖြင့် ယခုအပေါ်ခန်းထက် ပိုမိုကျယ်ပြန့်သော ရသေ့ကြီး၏ အိပ်ခန်းသို့ ရောက်နိုင်လေသည်။ ထိုအိပ်ခန်း၏ ကြမ်းမှာ သဲဖြူနုများဖြင့် ဖြန့်ကြဲလွှမ်းအုပ်လျက် သိပ်သည်းကျစ်လျစ်ရန်ရေပက်ဖျန်းထားဟန်ရှိ၏။ ရေမှာကား များစွာမဝေး

mgyoe.com

mgyoe.com


ကွာလှသော ကျောက်ဆောင်တစ်ခု၏ စမ်းပေါက်ကလေးမှ ရနိုင်လေသည်။ ရသေ့ကြီး၏ အိပ်ရာပေါ်ရှိမွေ့ရာမှာ မြက်ရှည်ကြီးများဖြင့် လိမ်ကျစ်ပြုလုပ်ထား၍၊ ခေါင်းရင်းဘက်ထောင့်တွင် မယ်တော်မာရီ၏ ရုပ်ပုံရှိလေသည်။ အခန်းပတ်လည်၌ကား၊ ပန်းများ၊ သစ်ရွက်သစ်ခက်များကို တွဲလွဲဆွဲထားလေသည်။

သူရဲကောင်း နှစ်ယောက်တို့ရောက်နေသော အခန်းတွင်း၌မူ၊ ကြီးမားသော ဖယောင်းတိုင်ကြီးနှစ်ခုကို ထွန်းညှိထိန်လင်းစေလျက်၊ ၎င်းတို့ကို လောင်ကျွမ်းခြင်းမှ ဖြစ်ပေါ်လာသော ရနံ့သည် တစ်ခန်းလုံးကို မွှေးကြိုင်လျက်ရှိလေ၏။ အခန်းအလယ်၌ ကြမ်းတမ်းသော ကုလားထိုင်ကြီးနှစ်လုံးနှင့် စားပွဲတစ်ခုရှိ၏။ ၎င်းစားပွဲပေါ်တွင် ရသေ့ကြီးသည် ဧည့်သည်များအဖို့ အသီးအနှံအချို့နှင့် အသားခြောက်အနည်းငယ်ကို တည်ခင်းထားလေသည်။

ယခု ရသေ့ကြီး၏ အခြေအနေအမူအရာမှာ ပထမတွေ့ခါစနှင့် လုံးဝမတူတော့ဘဲ ဘုရားတရားကို ကျင့်ကြံအားထုတ်နေသူဖြစ်သည့်အားလျော်စွာ အေးဆေးယဉ်ကျေးသိမ်မွေ့၍ လာလေသည်။ သူ၏ခြေလှမ်းပုံခြေနင်းပုံနှင့်တကွ သွားဟန်လာဟန်အမူအရာတို့သည် ထီးနန်းကို စွန့်ပယ်ခဲ့၍ တောထဲ၌ တမလွန်ကောင်းကျိုးရှာနေသော ဘုရင်နှင့်ပင် တူဘိ၏။ သို့သော် သူ၏ကြီးမားမြင့်မောက်လှသော အရပ်အမောင်းနှင့် ရှည်လျားသော ဆံပင်မုတ်ဆိတ်ပါးမြိုင်းမွေးတို့အကြား၌ မီးကဲ့သို့ နီရဲတောက်ပနေသော မျက်လုံးကြီးတို့မှာ ရသေ့ရဟန်းပြုလုပ်နေသည်ထက် ရဲစွမ်းသော စစ်သူရဲကောင်းကြီးအဖြစ်က ပိုမိုသင့်လျော်မည်ဖြစ်ပေ၏။

ဤအချိန်၌ မျိုးမတူဘာသာခြားသော ဆာရဲဆင်သည်ပင် ရသေ့ကြီးကို ရိုသေလေးစားလာဟန်ရှိ၍ သူ့အလုပ်များနေသည်ကိုကြည့်ရင်းဆာကဲနက်အား တိုးတိုးလေသံဖြင့် "ဟာမက်ကိုး ခု စိတ်ပြန်ကောင်းနေပြီဗျ။ ဒါပေမဲ့ ကျုပ်တို့ အစားအသောက် စားမပြီးမချင်း စကားပြောမှာ မဟုတ်သေးဘူး၊ ဒါသူ့အကျင့်ပဲဗျ..."

ဆာရဲဆင်ပြောသည့်အတိုင်းပင် ရသေ့ကြီးသည် စကားတစ်စုံတစ်ရာ မပြောဘဲ အမူအရာအားဖြင့် စကော့လူမျိုးအား ကုလားထိုင်နှစ်ခုတွင် နိမ့်သော ကုလားထိုင်ပေါ်၌လည်းကောင်း။ တူရကီအား ၎င်းတို့၏ ထုံးစံအတိုင်း

mgyoe.com

mgyoe.com

မြက်ဖျာတစ်ခုပေါ်၌ လည်းကောင်း၊ အသီးသီးထိုင်စေလျက် အစားအသောက်များကို တည်ခင်းကျွေးမွေးကာ၊ မစားသောက်မီ စားစရာများပေါ်သို့ သူ၏လက်ချောင်းကို ဆန့်တန်း၍ ခရစ်ယာန်ထုံးစံအတိုင်း ဆုတောင်းကောင်းချီးစကား မြွက်ကြားသေး၏၊ ထိုနောက်မှ ဧည့်သည်နှစ်ယောက်တို့သည် စားသောက်ကြရကုန်၏။ ပြီးသောအခါ ရသေ့ကြီးကိုယ်တိုင်မူကား၊ အနည်းငယ်မျှ မစားသေးဘဲ စကော့ရှေ့၌ ဝိုင်အရက်တစ်ဘူးကို လည်းကောင်း၊ တူရကီရှေ့တွင် ရှာလပတ်ရည် တစ်ချိုင့်ကိုလည်းကောင်း ချလျက်၊ "သောက်လှူကလေးများ" ဤကား ယခုဂူထဲရောက်မှ သူ၏စတင်ပြောသော စကားဖြစ်၍ များစွာတည်ငြိမ် ဣန္ဒြေရှိလေသည်။ "ဒါ ဘုရားသခင်၏ လက်ဆောင်ပဲ၊ ဘုရားသခင်၏ကျေးဇူးတော်ကို အောက်မေ့ကြပါ"

ထိုသို့ ပြောပြီးနောက် ရသေ့ကြီးသည် ဧည့်သည်များအား နေရစ်ကြဦးလော့၊ သားတော်နှင့်အဲလ်ဒါရင်..." ဆို၍ အပြင်ခန်းသို့ ဘုရားဝတ်ပြုရန် ထွက်သွားလေ၏။ ထိုအခါ ဆာကဲနက်သည် ဆာရ်ဆင်အား များစွာသော မေးခွန်းတို့ဖြင့် ရသေ့ကြီးအကြောင်းကို စုံစမ်းလေသည်။ သို့သော် ဆာရ်ဆင်မှာ အလုံးစုံမသိ၊ သူသိသလောက်မှာ အောက်ပါအတိုင်းဖြစ်ပေ၏။

ရသေ့ကြီးသည် ရှေးအခါက ရဲရင့်စွမ်းဆောင်သော သူရဲကောင်းကြီးတစ်ယောက် ဖြစ်ခဲ့၍ တိုက်ပွဲများ၌ အထိအခိုက်မရှိ ကံကောင်းခဲ့သည်ပြင်၊ အစည်းအဝေးများမှာလည်း ပညာရှိတစ်ယောက်ဖြစ်ခဲ့လေသည်။ ဂျေရုဆလင်မြို့သို့ လာသောအခါ ဘုရားဖူးတစ်ယောက်အနေနှင့်သာမဟုတ်ဘဲ သူ၏ကျန်သောအသက်တာကို ဤမြင့်မြတ်သော အရပ်၌ တရားအားထုတ်ရန်ဖြစ်၏။ ထို့ကြောင့် ယခုနေရာတွင် ဂူကျောင်း ပြုလုပ်၍ တစ်ယောက်တည်းနေထိုင်ခြင်းဖြစ်သည်။

တူရကီလူများတို့က သူ့အား "ဟာမက်ကိုး" တူရကီဘာသာအားဖြင့် 'အရူး' ဟု ခေါ်၍ သူ၏ထူးဆန်းသော အခြေအနေကို ကြည့်ရှုရန်လည်းကောင်း၊ နက္ခတ်ဗေဒင်မေးရန် လည်းကောင်း၊ မင်းဆွေမင်းမျိုး မှူးကြီးမတ်ရာများပင် မကြာခဏ လာရောက်လည်ပတ်လေ့ရှိသည်။ ရှီးယားကော့(ဖ်)ကိုယ်တိုင်ပင် အကြိမ်များစွာ လာရောက်ခဲ့ဖူး၏။ သို့သော် ရသေ့ကြီးအား ယခုလောက် ပြင်းထန်စွာ အရူးထခြင်းကို တစ်ခါမျှမကြုံဖူးခဲ့ချေ။

mgyoe.com

mgyoe.com


တူရကီဘုရင် ဆိုလ်ဒင်သည်လည်း ရသေ့ကြီး၏ အကြောင်းကိုကြား၍ ကိုယ်တော်တိုင်လာရောက်လည်ပတ်ခဲ့ပြီးလျှင် ဘာသာခြားပင်ဖြစ်သော်လည်း ရသေ့ကြီးအံ့ကျင့်ကို သဘောကျသည်နှင့်၊ မဟာမေဒင် လူမျိုးတို့က မနှောင့်ယှက်ရန် တားမြစ်ထား၏။ ရသေ့ကြီးသည် နက္ခတ်ဗေဒင်တွင် ကျွမ်းကျင်သူဖြစ်၍ တူရကီပညာရှိတို့နှင့်လည်း ဆွေးနွေးဖော် ဆွေးနွေးဖက်ဖြစ်သည်။

ဆာကဲနက်မှာ ဤမျှသိရသည်နှင့် မကျေနပ်သေးဘဲ ရသေ့ကြီးသည် သူအပြင်ထွက်ခါနီး၌ ဆာရ်ဆင်၏နာမည်ကို "အဲလ်ဒါရင်" ဟု ခေါ်သည်ကို ထောက်ချင့်ခြင်းအားဖြင့် ဆာရ်ဆင်မှာ ယခုသူပြောသည်ထက် ပို၍ သိတန်ရာ၏ဟုယူဆ၍ ဆက်လက်မေးမြန်းပြန်လေသည်။

"မိတ်ဆွေ... ဆာရ်ဆင် ရသေ့ကြီးဟာ သူ့စိတ်ဖောက်ပြားသလို နာမည်တွေကိုလည်း ကိုးရိုးကားရား ခေါ်တတ်တယ်ထင်ပါရဲ့၊ ဘာပြုလို့လဲဆိုတော့ ခင်ဗျားနာမည်ဟာ ရိုးယားကော့(ဖ်)ဖြစ်ရက်သားနဲ့ သူအခုခေါ်တော့ 'အဲလ်ဒါရင်'ဆိုပါလား..."

"ဒါ ကျုပ်နာမည်ပဲဗျ၊ ကျုပ်တို့အရပ်မှာဆိုရင်၊ ကျုပ်ကို အဲလ်ဒါရင်လို့ခေါ်တယ်။ စစ်ပွဲထဲမှာတော့ ခြင်္သေ့သူရဲကောင်းဆိုတဲ့ဘွဲ့ကို ရတယ်။ ဟိုး... စကားရပ်တော့ဗျို့ ဟာမက်ကိုးပြန်လာပြီး..."

ရသေ့ကြီးသည် အခန်းထဲသို့ ပြန်ဝင်လာပြီးနောက်၊ သူတို့နှစ်ယောက်ရှေ့၌ လက်ပိုက်၍ မတ်မတ်ရပ်ကာ ခံ့တည်သောအသံဖြင့်...

"ဒုက္ခတို့ဖြင့်ပြီးသော ဝိညာဉ်သည် ပင်ပန်းနွမ်းနယ်သောသိုးသူငယ်များကို အလုပ်များစေသော နေ့တစ်နေ့၏ အဆုံး၌ ငြိမ်းချမ်းစွာအိပ်စက်၍ အင်အားသစ်ပြန်လည်ဖြည့်တင်းရန် ညအချိန်ကို ဖန်တီးပေးတော်မူသော ထာဝရဘုရားသခင်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံပါပေ၏"

ထိုစကားအဆုံး၌ မိတ်ဆွေနှစ်ယောက်သည် "အာမင်း" ဟု တစ်ပြိုင်တည်းဆို၍ နေရာမှထကြကာ ရသေ့ကြီးညွှန်ပြသော အိပ်ရာခန်းများသို့ အသီးသီးသွားကြရလေ၏။

ရသေ့ကြီးသည် တစ်ဖန်အပြင်သို့ ထွက်သွားပြန်လေသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၅)

## လက်ဝါးကပ်တိုင်တော်

ဆာကဲနက်မှာ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ မိမိရင်ဘတ်ကို တစ်စုံတစ်ခု လာဖိသည်နှင့် နိုးရလေသည်။ မည်သူမည်ဝါနည်းဟု မေးတော့မည်ဟန်ပြု၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ ငွေမီးအိမ်ကလေးကို ဆွဲကိုင်ထားသော ရသေ့ကြီးကို မြင်ရလေ၏။

"ငြိမ် ငြိမ် နေ ကျွန်ုပ်မှာ သင့်ကို ဟို ဒီဌ မသိအောင် ပြောဖို့စကားတွေရှိတယ်။ ထ–သင့် ဝတ်ရုံကို ဝတ်–စကားမပြောနဲ့ ငါ့နောက်လိုက်ခဲ့၊ ခြေသံဖြည်းဖြည်းနင်း...." ဟု အမိန့်ပေး၏။

ဆာကဲနက်သည် အိပ်ရာမှထ၍ ဓားကိုယူ၏။ သို့သော် ရသေ့ကြီးက "ဓားမလိုဘူး.... တို့အခုသွားရမယ့်နေရာက မေတ္တာတည်းဟူသော စိတ်လက်နက်ပဲလိုတယ်...၊ ဒီသံလက်နက်ဟာ ကျူရိုးနဲ့ဘူးခွံအဆွေးအမြည့်လောက်မှ အသုံးမဝင်ဘူး..ဟုဆိုလေသဖြင့်၊ ဆာကဲနက်သည် ဓားကိုပြန်ချ၍ ဓားမြှောင်ကိုသာ ခါး၌ ထိုးခဲ့လေ၏။ သူသည် ဤကဲ့သို့ ဥပါဒ်အန္တရာယ်များသော လူမျိုးခြားနယ်ပယ်ထဲ၌ ဓားမြှောင်ကိုမူ ဘယ်သောအခါမှ ခါးကချမည်မဟုတ်ချေ။

ထို့နောက် ရသေ့ကြီးက ရှေ့မှသွား၍ ဆာကဲနက်ကနောက်မှလိုက်ကာ၊ အိပ်ပျော်နေသော ဆာရီဆင်ကို မနိုးစေဘဲ ဂူအပြင်သို့ ထွက်ခဲ့ကြလေ၏။ ရသေ့ကြီးဘုရားဝတ်ပြုသော နေရာသို့ ရောက်သောအခါ ပလ္လင်ရှေ့တွင်

mgyoe.com

mgyoe.com


ဖယောင်းတိုင်တစ်ခု ထွန်းညှိထားသဖြင့် ပွင့်နေသော ဘုရားရှိခိုးစာအုပ်က လေးကိုလည်းကောင်း၊ ရိုမန်ကက်သလစ်တို့၏ ဝါဒအတိုင်း မိမိကိုယ်မိမိ ရိုက်နှက်ဆုံးမသော ကြာပွတ်တစ်ချောင်းကိုလည်းကောင်း၊ ဆာကဲနက် တွေ့မြင်ရလေသည်။ ကြာပွတ်မှာ လတ်ဆတ်သောသွေးများ ပေကျံနေသည်ကို ထောက်ခြင်းအားဖြင့် ရသေ့ကြီးသည် ဆာကဲနက်ဆီမလာမီကလေးကပင် သူ့ကိုယ်သူ ရိုက်နှက်ထားကြောင်းထင်ရှား၏။

ရသေ့ကြီးသည် ပလ္လင်ရှေ့၌ ဒူးထောက်၍ ဆာကဲနက်အားလည်း သူ့နည်းတူပြုစေ၏။ ဒူးထောက်ရသောနေရာမှာ ဘုရားသခင်အား ကျိုးနွံလှကြောင်း အဓိပ္ပာယ်ပေါ်အောင်မာကျောချွန်ထက်သော ကျောက်ခဲတို့ဖြင့် ဖြန့်ခင်းထားသည်၊ ရသေ့ကြီးသည် နောင်တရခြင်းနှင့် သက်ဆိုင်သော ဆာလန်ကျမ်းစာသုံးပုဒ်ကို ရွတ်ဆို၏။ သူ့အသံမှာ သိပ်ပြီး မကျယ်လှသော်လည်း အလွန်ပင်စိတ်ဝင်စားဖွယ်ရှိလေသည်။

ထို့နောက် ဒူးထောက်ရာမှထကြပြီး ရသေ့ကြီးသည်မှောင်သော ထောင့်ကြားသို့လက်ညှိုးညွှန်ပြကာ...

"လူကလေး ဟိုထောင့်ထဲမှာကြည့်စမ်း မျက်နှာဖုံးတစ်ခုတွေ့လိမ့်မယ်... သွားယူခဲ့"

ဆာကဲနက် ယူလာသောအခါ ရသေ့ကြီးသည် မျက်နှာဖုံးကိုကြည့်၍၊ စိတ်ထဲ၌ တစ်စုံတစ်ခုသောအကြောင်းကိုတွေးမိလျက်များစွာပင် မသက်မသာ ပင်ပန်းကြီးစွာ ခံစားနေရဟန်နှင့် သက်ပြင်းကြီးချလိုက်ပြီး...

"လူကလေးအသင်သည် ကျွန်ုပ်မျက်စိနှင့်ကြည့်ရန် မထိုက်တန်၊ ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံးဖြစ်သော အရာဝတ္ထုကို ဖူးမြော်ရတော့အံ့..."

ထို့နောက် ဆာကဲနက်မျက်နှာကို စေ့စေ့ကြည့်၍တစ်စုံတစ်ရာမပြောဘဲ တွေဝေနေပြန်၏။ အတန်ကြာမှ တစ်ဖန်ပိုမိုခိုင်မာသောအသံနှင့်....

"အသင် အင်္ဂလန်ဘုရင်ရစ်ချာ့ဒ်ဆီက ကျွန်ုပ်အဖို့ နှုတ်ဆက်စကားများ ယူခဲ့ပါသလား..." ဟုမေးလိုက်၏။

ဆာကဲနက်။ "ကျွန်ုပ်ခရစ်ယာန် မင်းသားများ၏အစည်းအဝေးမှ လာခဲ့ခြင်းဖြစ်ပါတယ်။ ယခုအချိန်မှာ ဘုရင်ရစ်ချာ့ဒ်အသည်းအသန် နာမကျန်းဖြစ်နေပါ၍ သူ့အမိန့်တစ်စုံတစ်ရာမျှမပါခဲ့ပါ..."

mgyoe.com

mgyoe.com


ရသေ့ကြီး။ "ဘာ အမှတ်အသားပါခဲ့သလဲ..."

ဆာကဲနက်မှာ ဖြေရန်နှောင့်နှေး၏။ ရသေ့ကြီးမှာ မယုံသင်္ကာဖြစ်လာသဖြင့် အရှုးပြန်ထတော့မည်လားဟု အောက်မေ့ရ၏။ သို့သော် သူ၏ မြင့်မြတ်သော အမူအရာတို့ကို ဤသို့တွေးထင်ရန် မသင့်လျော်ချေ။ ဆာကဲနက်သည်အတော်ကြာမှ အဖြေကိုပေးနိုင်၏။

ကျွန်ုပ်၏ အထိမ်းအမှတ် စကားမှာ "ရှင်ဘုရင်များသည် သူကောင်းတစ်ယောက်ဆီ၌ကောင်း၏"

ရသေ့ကြီး။ "ဒါမှန်တယ်၊ သင့်ကို ကျွန်ုပ် ကောင်းကောင်းကြီးသိတယ်။ သို့သော် ကင်းစောင့်သည် သူ့တာဝန်ပေါ်၌ ရှိ၏။ စိတ်သည် အလွန်အရေးကြီးသော အရာတစ်ခုဖြစ်၏။ မိတ်ဆွေအဖြစ်နှင့် ဆက်သွယ်မရလျှင် ရန်သူကဲ့သို့ ပြုလုပ်ရလိမ့်မည်"

(သူတို့ အမှတ်အသားဖြင့် အဓိပ္ပာယ်ရှိသော စကားဖြစ်သည်။)

ထိုသို့ပြောပြီးနောက် ရသေ့ကြီးသည် မီးအိမ်ကလေးကိုကိုင်၍ သူတို့ထွက်လာခဲ့သောအခန်းထဲသို့ ဆာကဲနက်နှင့်အတူ ပြန်ဝင်ကြလေ၏။ ဆာရိဆင်မှာကား အိပ်မောကျလျက်ပင်၊ ရသေ့ကြီးသည် သူ့အိပ်ရာနံဘေး၌ရပ်၍၊

"သူ မှောင်မိုက်ကြီးထဲမှာ အိပ်နေတယ်၊ သူ့ကို မနှိုးနှင့်" ဟုဆို၏။ နောက်တစ်ဖန် "သူနှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်နေတယ်၊ ဒါပေမဲ့ သူ့အဖို့ အလင်းရောင်ရှိလာလိမ့်မယ်..."

ဤသို့ ပြောရင်း ရသေ့ကြီးသည် အခန်းပြင်သို့ ထွက်၍ ဆာကဲနက်အား နောက်မှလိုက်စေ၏၊ ကျောက်တုံးပလ္လင်ကလေးကိုလွန်သောအခါ၊ ခလုတ်ကလေးတစ်ခုကိုနှိပ်လိုက်ရာ၊ ကျောက်သားကို ထွင်းထားသော တံခါးကလေးတစ်ခုသည် အသံမပြည်ဘဲ ပွင့်လာလေ၏။ မဖွင့်ဘဲနှင့် သူ့နဂိုအနေအထား၊ မြင်ရန် ခဲယဉ်း၏။ ရသေ့ကြီးသည် ထိုတံခါးကိုမဖွင့်မီ ပတ္တာများကို ဆီလောင်းထည့်သေး၏။ ဆီမှာ မီးအိမ်မှ ဖြစ်၏။ တံခါးပွင့်လာသောအခါ ကျောက်သားကို ထုထွင်းထားသော လှေကားတစ်ခုပေါ်လာ၏။

ရသေ့ကြီး "ရော့ ဒီမျက်နှာဖုံးနဲ့ ကျုပ်မျက်စိကို စည်းပေးပါ၊ ကျွန်ုပ်မှာ ယခုအပြစ်တစ်စုံတစ်ရာမရှိဘဲ သင်မြင်ရမယ့် အဖိုးတန် ပစ္စည်းကိုကြည့်ရန်မထိုက်တန်ဘူး..."

mgyoe.com

mgyoe.com


ဆာကဲနက်သည် တစ်စုံတစ်ရာပြန်မပြောဘဲ၊ သူခိုင်းသည့် အတိုင်းလုပ်ပေး၍၊ ပြီးလျှင် ရှေ့က မီးအိမ်ကိုဆွဲ၍ လှေကားပေါ်တက်သွားသော ရသေ့ကြီးနောက်သို့ လိုက်ရလေ၏။ ရသေ့ကြီးမှာ ဤနေရာတို့ကို တက်နေဆင်းနေကျဖြစ်၍ မမြင်ရသော်လည်း ကျဉ်းမြောင်းသော လှေကားကလေးကို ကောင်းစွာတက်နိုင်လေသည်။

လှေကားဆုံးသောအခါ ခုံးပေါက်သဖွယ် ဝန်းဝိုင်း၍ သေးငယ်ကျဉ်းမြောင်းသော အခန်းကလေးတစ်ခုထဲသို့ ရောက်ကြလေ၏။ လှေကားထိပ်စွန်းတင်သော ထောင့်နှင့်မျက်နှာချင်းဆိုင်ထောင့်၌ကား ဆက်လက်တက်ရန် အခြားလှေကားတစ်ခုကို မြင်ရလေသည်။ အခြားထောင့်တွင် မလွယ်ပေါက်ကလေးတစ်ခုကို ပိတ်ထားသော ဂေါ့သစ်တံခါးကလေးတစ်ခုရှိ၏။ ဤတံခါးသို့ရောက်သောအခါ ရသေ့ကြီးက ဆာကဲနက်အား–

"သင့် ဖိနပ်တွေ ချွတ်လိုက် ယခု သင် နင်းနေသော နေရာသည် မြင့်မြတ်လှ၏"

ဆာကဲနက် ဖိနပ်ချွတ်ပြီးသောအခါ ရသေ့ကြီးက ဤမလွယ်ပေါက်တံခါးကို သုံးချက်ခေါက်ရန် အမိန့်ပေး၍ တံခါးပွင့်သွားသည်၊ အထဲတွင် တစ်စုံတစ်ယောက်ကိုမျှမမြင်ရ၊ သို့သော် အလွန်ထွန်းလင်းတောက်ပသော မီးရောင်နှင့် မွှေးကြိုင်လှသော ရနံ့တစ်ပြိုင်တည်း ပေါ်လာ၏။

ဤအခန်းကလေးမှာ ရသေ့ကြီးကိုယ်တိုင်ပြုလုပ်ထား၍ သေသပ်ခမ်းနားလှသည်။ ကျောက်သားကို ဖောက်ထွင်းထုလုပ်ထားသောတိုင်ကြီး ခြောက်တိုင်မှာ ခေါင်မိုးအလယ်တွင် တစ်နေရာတည်း စုဆုံနေသဖြင့်၊ ထိုအခန်းသည် ခုံးပေါက်လိုဏ်ခေါင်းသဏ္ဍာန်ရှိနေ၏။ ထိုတိုင်ကြီးတို့၏ ခါးလယ်လောက်၌ အပေါက်ငယ်တစ်ခုစီ ထွင်းလုပ်ထား၍ အပေါက်တစ်ခုတွင် တမန်တော်ရုပ်ပုံတစ်ခုစီရှိလေသည်။

ဤအခန်းမှာ ဂေါ်သစ်ဘုရားရှိခိုးခန်းဖြစ်သည်။ မြင့်သောအရှေ့ဘက်ပိုင်း၌ ပလ္လင်ကလေးတစ်ခုရှိ၏။ ထိုပလ္လင်၏နောက်၌ ရွှေပြားကွပ်ထားသော ပါရှင်းပိုးကန့်လန့်ကာ တစ်ခုရှိ၍ ဤကန့်လန့်ကာ၏ နောက်တွင်မူ၊ အဖိုးထိုက်တန် မြင့်မြတ်သော အရာဝတ္ထုတစ်ခုခုရှိကြောင်း မမေးမြန်းဘဲနှင့် သိနိုင်ပေ၏။

mgyoe.com

mgyoe.com


ဆာကဲနက်သည် ပလ္လင်၏ ရှေ့တွင် ဒူးထောက်လျက် ဘုရားရှိခိုးရွတ်ဆိုသည်။ သို့သော် သူ၏ ဘုရားကြည်ညိုခြင်းကို မကြာမီ နှောင့်ယှက်ခြင်း ခံရလေသည်။ အကြောင်းမှာ ပလ္လင်ကလေးနောက်၌ရှိသော ကန့်လန့်ကာသည် ရုတ်တရက်ပွင့်သွားပြီး၊ အဲဘွန်နီသစ်သားဖြင့် ပြုလုပ်ထားသော ခေါက်တံခါးကလေးတစ်ခု ပိတ်လျက်သားပေါ်လာသည်။ ဆာကဲနက်သည်၊ ဤထူးဆန်းလှပသော တံခါးကလေးကို ငေးစိုက်ကြည့်ရှုနေစဉ်တွင်၊ တံခါးကလေးသည် ရုတ်တရက်အလိုအလျောက် ပွင့်သွားပြီး အတွင်း၌ သစ်သားအပိုင်းအစကြီးတစ်ခုကို မြင်ရလေသည်။ ဤသစ်သားပေါ်၌၊ Vera Crux 'ယေရှုသခင် အသတ်ခံသွားသောလက်ဝါးကပ်တိုင်တော်" ဟု ရေးထား၏။ ထိုတံခါးကလေးပွင့်သွားသည်နှင့်တစ်ချိန်တည်းမှာပင် Glora Patr ဘုရားရှိခိုးသီချင်းကို ဆိုနေကြသော မိန်းမသံတွေ ကြားရ၍ လက်ဝါးကပ်တိုင်တော် အစစ်ကို ဖုံးကွယ်သော တံခါးကလေး ပြန်ပိတ်သည်နှင့်တစ်ပြိုင်နက်၊ ထိုအသံလည်း ပျောက်ကွယ်သွားပြီး၊ ပါရှင်းကန့်လန့်ကာကလေးလည်း ပိတ်ဖုံးလိုက်လေသည်။

ထိုအခါမှပင် ဆာကဲနက်သည် သူ၏ ဘုရားရှိခိုးကို ဆက်လက်ဆိုရ၏။ ဘုရားရှိခိုးဆုံးသောအခါ ဒူးထောက်ရာမှထ၍ ရသေ့ကြီးကို ကြည့်လိုက်ရာ ရသေ့ကြီးမှာ ဝင်လာခဲ့သော တံခါးပေါက်ဝ၌ သူ့မျက်နှာတွင် အဝတ်စည်းလျက်သားနှင့် ကန့်လန့်ကြီးအိပ် နေသည်ကိုမြင်ရ၏။

ဆာကဲနက်က စကားပြောရန်သူ့အနီးသို့ ချဉ်းကပ်သွားသောအခါ ရသေ့ကြီးက ဆီး၍ "နေဦး၊ သင်နေဦး... သင်မြင်ရဖို့မပြီးသေးဘူး၊ နောက်မြင်ရဦးမယ်" ဟု ပြောလျက် လဲလျောင်းနေရာမှထ၍ ထိုအခန်းကလေး အပြင်သို့ ထွက်သွားပြီး တံခါးကို ပိတ်လိုက်၏။

ယခုအခါ၌ ဆာကဲနက်မှာ ထိန်လင်းမွှေးကြိုင်နေသော အခန်းကျဉ်းကလေးထဲတွင် တစ်ယောက်တည်း ကျန်ခဲ့လေ၏။

◻

mgyoe.com

mgyoe.com

# အခန်း (၆)

## လေဒီ-အိဒစ်(သ်)

ညနှင့်နေ့ တွေ့ဆုံ၍ အရဏ်တက်ချိန်ရောက်သည်တွင် တစ်ပြိုင်နက်တည်း ဆွဲလှုပ်လိုက်သော ငွေဆည်းလည်းသံများကို ဆာကဲနက်ကြားရလေသည်။ သို့သော် အဘယ်အရပ်မှ လာသည်ကိုကား သူအသေအချာ မသိနိုင်။ အပေါ်ကလော၊ အောက်ကလော၊ နံဘေးကလော၊ ဤကဲ့သို့ နေရာမျိုးနှင့် ဤကဲ့သို့အချိန်မျိုးတွင် ထိုစူးရှသော အသံမျိုးသည် ကြားရသူကို ချောက်ချားစေတတ်သည်ဖြစ်၍ ရဲရင့်လှသော ဆာကဲနက်ပင်လျှင် လမ်းလျှောက်နေရာမှ ရပ်တန့်လိုက်ကာ ပလ္လင်ကလေးနှင့် မျက်နှာချင်းဆိုင် ထောင့်တစ်ခုသို့ သွားရောက်ထိုင်လိုက်ပြီးနောက် မည်သို့များ ဖြစ်ပေါ်လာမည်ကို စောင့်စားနေရလေ၏။

မကြာမီတွင် ပိုးကန့်လန့်ကာကလေး ရုတ်တရက်ပွင့်သွားပြီး အတွင်းတံခါးငယ်လည်း ဖွင့်လျက်သားဖြစ်နေကာ လက်ဝါးကပ်တိုင်တော်ကို ဆာကဲနက်ဖူးမြင်ရပြန်သည်။ ဆာကဲနက်ဒူးထောက်၍ အရိုအသေပြုနေစဉ်မှာပင် မိန်းမတွေသီဆိုကြသော နံနက်စောစော ချီးမွမ်းသီချင်းကို ကြားရကာ၊ အခြားဘက်နံရံရှိ အပေါက်မှန်းမသိရသော တံခါးငယ်တစ်ခုပွင့်သွားပြီး သီချင်းသံများ ပိုမိုကျယ်လောင်လာလေရာ သီချင်းဆိုသူ "ကွိုင်ယာ"တစ်စုသည်

mgyoe.com

mgyoe.com



ဤဘုရားရှိခိုးကျောင်းကလေးထဲသို့ လာနေကြောင်းဆာကဲနက်သိရလေ၏။

ဆာကဲနက်သည် စိတ်ဝင်စားလှစွာ ပွင့်နေသော တံခါးဆီသို့ ငေးစိုက်ကြည့်ရှုနေစဉ် အစီအတန်းတစ်ခုပေါ်လာလေ၏။ ပထမရှေ့ဆုံး၌ နှင်းခဲကဲ့သို့ဖြူဆွတ်သော လူကလေးနှစ်ယောက်တွဲနှစ်ဆင့်၊ ရှေ့အတွဲမှာ ထွန်းလင်းတောက်ပသော ဆီမီးတိုင်တစ်ခုစီကိုင်ထားကာ၊ နောက်နှစ်ယောက်သည် လှပသော ပန်းပွင့်ပန်းဖူးများကို ဖြန့်ကြဲလာကြသည်။ လူကလေးတို့ နောက်မှ သီချင်းဆိုကြသော မိန်းမတစ်စု၊ ၎င်းတို့အနက် ရှေ့ခြောက်ယောက်မှာ အစဉ်ထာဝရ သီလရှင်များ ဖြစ်ကြောင်းကိုလည်းကောင်း၊ နောက်ခြောက်ယောက်မှာ ခေတ္တယာယီပြုလုပ်နေသော သီလရှင်များဖြစ်ကြောင်းကိုလည်းကောင်း၊ သူတို့ဝတ်ရုံများကို ကြည့်ရှုခြင်းအားဖြင့် ဆာကဲနက်သိရလေသည်။

ဝတ်ရုံနက်နှင့် ထာဝရသီလရှင်များသည် လှပကြီးမားသော ပုတီးတစ်ကုံးစီကိုလည်းကောင်း၊ ဝတ်ရုံဖြူနှင့် ခေတ္တသီလရှင်များသည် နှင်းဆီဖူးများ သီထားသော ပန်းကုံးတစ်ခုစီကိုလည်းကောင်း၊ အသီးသီးကိုင်ဆောင်လျက် ဤအခန်းကျဉ်းကလေးထဲတွင် ဓမ္မသီချင်းတော်ကို သီဆိုကာပတ်ပတ်လှည့်ကြသည်။ သို့လှည့်ရာ၌ ထောင့်တစ်ထောင့်တွင် ဒူးထောက်နေသော ဆာကဲနက်အား သူတို့၏ဝတ်ရုံများနှင့် ထိလုခမန်းနီးကပ်စွာ လျှောက်သွားကြသော်လည်း တစ်ဦးတစ်ယောက်မျှ သူ့ကို ဂရုစိုက်သတိပြုဟန်မတူချေ။ သို့သော် ဒုတိယအကြိမ်လှည့်သော အပတ်၌မူ ဆာကဲနက်ရှေ့သို့ ဖြတ်သွားကြစဉ်၊ ခေတ္တသီလရှင် လူစုထဲမှ မိန်းမပျိုတစ်ယောက်သည် ၎င်း၏ လက်ထဲမှ ပန်းဖူးတစ်ခုကို ခြွေထုတ်၍ ဆာကဲနက်၏ ခြေခုံပေါ်သို့ မသိမသာ ဖြည်းညင်းစွာချလိုက်လေသည်။ ဆာကဲနက်မှာ မတော်တဆကျလာသည်၊ သို့မဟုတ် တမင်သက်သက် ချလိုက်သည်ကို သေချာစွာ မသိရသော်လည်း ထိုပန်းဖူးကလေးကျလာရာ၌ သူ၏ကိုယ်ထဲသို့ မြားတစ်စင်း စူးဝင်သွားသည့်အလား တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားပါလေ၏။

တတိယအပတ် လှည့်လာသောအခါ၌ ဆာကဲနက်သည် ဤပန်းဖူးနှင့် ဆက်သွယ်လိုက်သောမိန်းမပျိုကို သေချာစွာဆီး၍ ကြည့်သည်။ ဤမိန်းမပျို၏ ယခုပုံပန်းသဏ္ဌာန်မှာ အခြားသီလရှင်များနှင့် မည်သို့မျှ မခြားနားသော်လည်း၊ ထိုသို့ကြည့်ရှုနေစဉ်ဆာကဲနက်၏ အသည်းနှလုံးမှာ လှောင်အိမ်တွင်

mgyoe.com

mgyoe.com

ထည့်ထားသော ငှက်ရိုင်းကလေးပမာ ဂနာမငြိမ်တဆွဆွ, တဒိန်းဒိန်း, ခုန်၍ တုန်၍ နေရှာလေသည်။ အကြောင်းသော်ကား ထိုသူငယ်မပျိုသည် ကမ္ဘာပေါ်တွင် ဆာကဲနက်၏အချစ်ဆုံးအမြတ်နိုးဆုံးသော မင်းသမီးကလေးပေတည်း။

အစိအတန်းသည် ဆာကဲနက်ရှေ့သို့ ရောက်လာသောအခါ၌ ထိုမိန်းမပျိုသည် သူ့အနီးသို့ မသိမသာကလေး ချဉ်းကပ်လာပြီး ဖြူဖွေးသော လက်ကလေးလှပ်ခနဲထုတ်လိုက်ကာ နှင်းဆီဖူးကလေးတစ်ခု ဒုတိယမြောက် ဆာကဲနက်အပေါ်သို့ ကျလာပြန်သည်။ ဤအကြိမ်ကား ကံအားလျော်စွာလည်းမဟုတ်၊ မုချတမင်တကာချလိုက်သည်သာဖြစ်ရတော့မည် ဆာကဲနက်ဝမ်းသာလွန်း၍ ထ၍ပင်ခုန်ချင်သည်။ သူကလေး၏လှပသေ၁ လက်ကလေးကိုလည်း သူ မြင်လိုက်ရသည်။ တစ်ကြိမ်သောအခါက ထိုလက်ကလေးကို သူ၏နှုတ်ခမ်းဖြင့် တွေ့ထိနမ်းစုပ်ဖူး၏။ ထိုသို့နမ်းစုပ်နေစဉ်တစ်ယောက်နှင့် တစ်ယောက် နှုတ်ဖြင့် မဖွင့်ဟခဲ့ကြသော်လည်း တစ်ဦးကိုတစ်ဦး ခိုင်မြဲစွာ မေတ္တာနှောင်နေကြပြီဟူသော အကြည့်မျိုးဖြင့်ကား မျက်လုံးချင်းဆုံခဲ့ပါသည်။ သူဘယ်သောအခါမျှမမေ့နိုင်၊ စင်စစ် ဤလက်သာ မဟုတ်သေး၊ ၎င်းလက်တွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကိုလည်း သူမှတ်မိပါသည်။

ယခုကား သီလရှင် တစ်စုသည် သုံးကြိမ်လှည့်ပတ်ပြီးပြီဖြစ်၍ သူတို့ထွက်ခဲ့သော အပေါက်ဝရောက်ကြသောအခါ ရှေ့ကကောင်ကလေးနှစ်ယောက်မှစပြီး အသီးသီးဝင်သွားကြသည်။ ဆာကဲနက် ဂရုစိုက်နေသော မိန်းမပျိုမှာအပေါက်ဝ ခါးပန်းနှင်းသော အခါ၌ ဆာကဲနက်အား မသိမသာကလေးပြန်ကြည့်လိုက်သေး၏။ နောက်ဆုံး အားလုံးဝင်ပြီးသောအခါတွင်မူ ဝံခါးသည် ဖြုန်းခနဲပိတ်၍ အသံတွေရောအလင်းရောင်ပါချက်ချင်းပျောက်ကွယ်သွားလေသည်။ ထိုမှ ဆာကဲနက်အသက်ရှုရန် သတိရတော့၏။ ယခုအချိန်၌ ဆာကဲနက်တစ်ယောက်တည်း မှောင်ကြီးမည်းမည်းမှာ ကျန်ခဲ့ပြီ။ သို့သော် သူသည် နေရာမှမထသေး လှုပ်ရှားရန်ပင်သတိမရ၊ အတွေးနယ်၌သာ အာရုံဝင်စားလျက်ရှိ၏။ အမှန်မှာ ယခုကဲ့သို့ ထူးဆန်းလျှို့ဝှက်သော နေရာ၌ ဤသို့မှောင်ကြီးမိုက်မိုက်တွင် ထိုကဲ့သို့ သူတစ်ယောက်တည်း ရှိနေသည်ကို စဉ်းစားနေသည်မဟုတ်၊ လုံးလုံးဂရုမစိုက်။ စင်စစ်သူ၏ အတွေး

mgyoe.com

mgyoe.com


သည်ကား ယခုတင်ကလေးပင် သူ့အပေါ်သို့ ပန်းဖူးကလေးနှစ်ခုပစ်ချသွား ပြီး မသိမသာကလေး သူ့ကို ပြန်ကြည့်သွားသော မိန်းမပျို၏ အကြောင်းမှ တစ်ပါး ကမ္ဘာကြီးနှင့် ဘာမျှမပတ်သက်ပါချေ။

ထိုနောက် တော်တော်ကြီးကိုကြာမှ ဆာကဲနက်မှာ မေ့မြောနေရာမှ သတိရလာသူကဲ့သို့ ရုတ်တရက် လန့်ဖျပ်သလို အသိဉာဏ်ဝင်စားလာကာ၊ မှောင်ထဲတွင် လက်ဖြင့် လျှောက်၍စမ်းသည်။ နှင်းဆီဖူးကလေးနှစ်ခုကို တွေ့သည်၌ လက်ဖြင့်ပွပွရွရွကလေးကိုင်ပြီး ရှေ့ဦးစွာရင်ဝသို့ ကပ်လိုက် သည်။ နောက် နှုတ်ခမ်းဖြင့် ဖြည်းညင်းစွာထိ၍ နှာခေါင်းမှ လေညင်းကလေး နှင့် ရှူလိုက်သည်။ ဤသို့လျှင် ၎င်းပန်းဖူးကလေးများကို ရင်ဝ၊ နှုတ်ခမ်း၊ နှာခေါင်းတို့ဖြင့် တစ်လှည့်စီတစ်လှည့်စီ အကြိမ်ကြိမ် အဖန်ဖန်တွေ့ထိ နမ်းရှုပ် ခြင်းပြု၏။ သို့ဖြင့်လည်း အားမရသေး၊ သူ့မိန်းကလေး နင်းသွားမည်ထင် သော ကျောက်သားကြမ်းပြင် အေးစက်စက်ကြီးကိုပင် ကုန်း၍ နမ်းလိုက်ချေ သေး၏။

ဤအပြုအမူကို ထောက်ချင့်ခြင်းအားဖြင့် ဆာကဲနက်မှာ ထိုမိန်းမပျို အား မည်မျှ ချစ်ခင်စွဲလမ်းလှကြောင်း သိသာနိုင်သည်။ သို့သော် သူသည် ဤမိန်းမပျိုနှင့် တစ်ကြိမ်တစ်ခါမျှ စကားပြောရဖူးသေးသည် မဟုတ်ချေ။ သူ၏ "သူရဲကောင်း" ဟူသော ဘွဲ့ထူးသည် မိန်းမပျို၏ အချစ်နယ်ပယ် အနီးသို့ ချဉ်းကပ်နိုင်သည်တိုင် ဤသာမန်သူရဲကောင်းအဖြစ်နှင့်သာဖြင့် ထို ဘုရင့်သွေးကို လက်ထပ်နိုင်ရန် မျှော်လင့်ခြင်းမရှိပေ။ ထို့ကြောင့် ဆာကဲနက် သည် ယခု သူရဲကောင်းအဖြစ်နှင့် သူ၏အချစ်ကို ထုတ်ဖော်ရန် တစ်ခါမျှ မကြိုးစားဘဲ အဝေးကသာလျှင် ကြည်ညိုမြတ်နိုးနေခဲ့လေသည်။

မိန်းမပျိုအဖို့၌ကား ဆာကဲနက်သည် စကော့တလန်ပြည်သား အလွန် အတိုက်အခိုက်ကောင်း၍ ရဲစွမ်းသတ္တိပြည့်သော သူရဲကောင်းတစ်ယောက်ဖြစ် ကြောင်းကိုသိ၏။ မိမိကိုချစ်ခင်စွဲလမ်းနေကြောင်းကိုလည်း သိ၏။ မိမိစိတ် ၌လည်း တိုက်ပွဲများတွင် ဆာကဲနက်၏ ဂုဏ်သတင်းကြားချင်သည်။ ရန်သူ နှင့် တိုက်ပွဲဖြစ်တိုင်း ဆာကဲနက်၏ အကြောင်းကို မေးမြန်းသည် စုံစမ်းသည်၊ စုံစမ်းမေးမြန်းတိုင်းလည်း မိမိ၏မျှော်လင့်ချက် ပြည့်ခဲ့သည်။ နှစ်ထောင်းအားရ ရှိခဲ့သည်။ စင်စစ်သော်ကား၊ အချစ်ဆိုသော သဘောတရားသည် ဣန္ဒြေ

mgyoe.com

mgyoe.com


သိက္ခာရှိသူတို့အထဲ၌ မသိမသာပင်ဖြစ်ပေါ်လာတတ်သည့် အားလျော်စွာ ယခု အစစအရာရာတွင် ဂုဏ်ကြွယ်ပြည့်ဝနေသော "လေဒီအိဒစ်" အမည်ရှိ အင်္ဂလန်ဘုရင် "ရစ်ချာ့ဒ်" ၏ နှမတော်သည် ဆာကဲနက်တည်းဟူသော သာမန်သူရဲကောင်းကလေးတစ်ယောက်ကို နှစ်သက်ခြင်းဖြစ်ပေါ်လာခဲ့လေပြီ။ ရှေဦးပထမ၌ လေဒီအိဒစ်သည် မိမိစိတ်ထဲတွင် အဘယ်သို့ဖြစ်နေသည်ကို အမည်မတပ်နိုင်ခဲ့ချေ။ ယခုမူကား ဆာကဲနက်အကြောင်း သတင်းစကားသည် သူ၏ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းနှင့် ဆက်နွယ်နေကြောင်း သတိထားမိလေတော့၏။ ဆာကဲနက်ခမျာမှာလည်း သူ့ထံမှအချစ်ကိုစွဲလမ်းတောင့်တနေလျက် သူ့အတွက် အသက်ကို ပဓာနမထားဘဲ ပိုမိုစွန့်စားတိုက်ခိုက်နေကြောင်းကိုလည်း သိလာ၏။

စင်စစ် လေဒီအိဒစ်သည် ဆာကဲနက်ကို ပြန်၍ချစ်၏။ ချစ်ကြောင်းကို သိစေလို၏။ ထို့ကြောင့်သာ ပန်းဖူးကလေးနှစ်ခုကို ချ၍ပေးခဲ့၏။ သို့သော် သူတို့နှစ်ယောက်နီးစပ်ရန်ကား ယခုအနေအားဖြင့် အလွန်ခဲယဉ်းလှသည်။ လေဒီအိဒစ်မှာ ဘုရင့်သွေးစစ် မင်းသမီးဖြစ်၍ ဆာကဲနက်မှာ သာမန်သူရဲကောင်းကလေးတစ်ယောက်မျှသာ သူရဲကောင်းဘွဲ့ရသူသည် အကြောင်းခိုင်လုံစွာဖြင့် ရှင်ဘုရင်ကိုစီးချင်းတိုက်ရန် ခေါ်နိုင်သော်လည်း ဘုရင့်သွေးမင်းသမီးကို လက်ထပ်ဖို့ကား မျှော်လင့်ချက် မရှိရှာပေ။ ထို့ကြောင့် လေဒီအိဒစ်သည် ဆာကဲနက်ကို ချစ်ကြိုက်ပါလျက် အနီးသို့ မခေါ်နိုင်ဘဲ အဝေးကသာ မိမိအချစ်ကို ဖော်ပြ၍ မိမိ၏ချစ်သူကို နှစ်သိမ့်စေရတော့မည်ဟု စိတ်ကူးချက် သွင်းထားခြင်းဖြစ်လေတော့သည်။

ဆာကဲနက်မှာလည်း သူ၏ချစ်သူ လေဒီအိဒစ်သည် သရဖူဆောင်းသော မင်းသမီးဖြစ်၏။ ဘုန်းကျက်သရေ အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံ၏။ သူကဲ့သို့ သာမန်စစ်သားကလေးတစ်ယောက်ကို မေတ္တာမျှပါမည်လော ဟူသော ယုံမှားသံသယတို့သည် အရာအထောင်မက သူ့စိတ်ထဲတွင် ကိန်းအောင်းနေရှာလေသည်။

သို့သော် စင်စစ်အားဖြင့် အချစ်ဆိုသော သဘောတရားသည် အမျိုးမတူသော ဂုဏ်ခြားနားသော အခါအခွင့်မသင့်လျော်သောဟူ၍ မည်သည့်အခါ မည်သည့်နေရာမှ ရွေးချယ်နေခြင်းမရှိသဖြင့် ကျွန်ုပ်တို့သည် သူတို့

mgyoe.com

mgyoe.com

နှစ်ယောက်အချစ်ကို နောက်ထပ် မည်သို့မျှ ဝေဖန်ခြင်း မပြုတော့တဲ့ သူတို့၏ ကုသိုလ်ကံတရားကိုသာ စောင့်စားကြည့်ရှုရတော့မည်ဖြစ်ပေသတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၇)

## လူပုကလေး ဇနီးမောင်နှံ

အချိန်တစ်နာရီခန့်ကြာသွားပြီးနောက် ဤခုံးပေါက်သဖွယ်လုံခြုံ၍ ကျဉ်းမြောင်းသော ဘုရားရှိခိုးကျောင်းကလေးထဲ၌ အလွန်စူးရှ၍ နားမခံသာသော ဝီစီသံတစ်ခုကို ဆာကဲနက် ကြားရလေ၏။ ဆာကဲနက်မှာ ရုတ်တရက် နားအူသွားကာ ထိုင်ရာမှငေါက်ခနဲ ထလိုက်ပြီး မိမိဓါးက ဓားမြှောင်ရိုးကို ဆုပ်ကိုင်ထားလိုက်မိသည်။ နောက်တစ်ကြိမ် အက်ကွဲသော အသံတစ်ခုကို ကြားရပြီး အလင်းရောင်တစ်ခုကြမ်းအောက်မှ ထိုးထွက်လာသည်။ အလင်းရောင် လာသောနေရာမှာ နဘေးသို့ ဆွဲလိုက်သလား၊ သို့မဟုတ် အောက်သို့ လှန်၍လားမသိ၊ ပွင့်သွားသော တံခါးခိုးကလေးမှဖြစ်၍ မကြာမီအပေါ်မှ ကြမ်းတမ်းခက်တရော်လှသော အသားအရေနှင့် လူပုခေါင်းကြီးကလေးတစ်ယောက် မီးအိမ်တစ်ခုကို ကိုင်၍ ဆွဲတက်လာသည်။ လူပုကလေးသည် အပေါ်သို့ရောက်လျှင် ရောက်ချင်း မီးအိမ်ကိုသူ၏လက်တစ်ဆုံးမြှင့်ကိုင်၍ ဟိုဝေ့ဒီဝေ့ယမ်းကာ ဟိုဟိုဒီဒီ ကြည့်နေပြီး လက်တစ်ဖက်၌ အသင့်ပါလာသော ဝီစီကို မှုတ်လိုက်ပြန်ရာ ဆာကဲနက်မှာ နားအူ၍သွားပြန်သည်။ ဤဝီစီသံမှာ လူပုကလေးအဖို့ အချည်းနှီးမဟုတ်ဘဲ သူ့အဖော်တစ်ယောက်ကို ခေါ်လိုက်ခြင်းဖြစ်၍ မရှေးမနှောင်းပင် သူတက်လာခဲ့သော အပေါက်မှ နောက်တစ်ယောက်တက်လာသည်။ ယောကျ်ားမဟုတ် မိန်းမသဏ္ဍာန်ဖြစ်သည်။

mgyoe.com

mgyoe.com


ယခု သူတို့နှစ်ယောက်မှာ လက်များတွင် မီးအိမ်တစ်ဖက်နှင့် တံမြက် စည်းတစ်ခုစီ အသီးသီးရှိကြသည်ဖြစ်၍၊ မကြာမီ ကြမ်းပြင်ကို သိမ်းဆည်း ခြင်း ပြုကြသည်။ သို့သော် သူတို့ တံမြက်လှည်းခြင်းမှာ ဟန်အမူအရာမျှသာ ဖြစ်၍ ဘာမျှအကျိုးမထူးချေ။ ဤနည်းဖြင့် တံမြက်စည်းလှည်းရင်း ဆာကဲ နက်အနီးသို့ ရောက်လာသောအခါ တံမြက်လှည်းခြင်းကို ရပ်လိုက်ပြီး ဆာကဲ နက်အား ဆင်ကိုဆိတ်ကြည့်သကဲ့သို့ မော်၍ကြည့်နေကြသည်။ သူတို့၏ အမူအရာမှာ ထူးဆန်းသော သတ္တဝါကြီးကို မြင်ရသည့်ပုံမျိုးနှင့်တဖြည်းဖြည်း မီးအိမ်များကိုပါ ဆာကဲနက်မျက်နှာနှင့် ထိလုနီးပါး မြှောက်၍ကြည့်ကြပြီး နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျယ်လောင်စွာရယ်မော လိုက်ကြလေသည်။ သူတို့အသံမှာ လူပုသလောက် ကျယ်လောင်စူးရှလှပေ ရကား၊ ဆာကဲနက်မှာ နားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်လိုက်ရပြီး ဘုရား သခင်၏ နာမတော်အားဖြင့်၊ ဤမြင့်မြတ်သော နေရာ၌ ဤကဲ့သို့မရိုမသေ မခန့်လေးစားပြုကြသည်မှာ အဘယ်သူများနည်းဟုမေးလိုက်လေ၏။

ထိုအခါ လူပုယောက်ျားဖြစ်သူက "ကျွန်ုပ်သည်ကားဆိုလျှင် လူပုက လေး နက္ကတေးဘနက်ဖြစ်ပေတော့သည်..." ဟု ဆိုလိုက်၍ လူပုမကမူ "ကျွန်ုပ်နာမည်ကား ဗွိနီဘရဖြစ်၍ သူ၏ကြင်ယာတော်ပေတည်း" ဟု လူပု ထီးကိုညွှန်ပြကာ ပမာမခန့်ဖြေဆိုကြကုန်၏။

"သင်တို့အဘယ်ကြောင့် ဤသို့လာကြသနည်း"

ဆာကဲနက်က ထပ်၍မေးပြန်သည်။ သို့သော် သူတို့မဖြေရမီဆာကဲ နက်ဝင်လာခဲ့သော အပေါက်ဆီမှ အမိန့်ပေးသံကို ကြားရလေ၏။

"ဟိတ် အရူးတွေ သွား နင်တို့အလုပ်ပြီးပြီ"

ဤအသံကိုကြားလျှင် ကြားချင်း လူပုကလေးနှစ်ယောက်သည် တစ် ယောက်နှင့်တစ်ယောက် ဆာကဲနက်နားမလည်သောဘာသာဖြင့် တီးတိုး ပြော၍ မီးအိမ်များကို ရုတ်ခြည်းငြိမ်းသတ်လိုက်ပြီးလျှင် လျင်မြန်စွာ ထွက် ပြေးပျောက်ကွယ်သွားကြလေသည်။ ဆာကဲနက်မှာတစ်ယောက်တည်းမှောင် ကြီးထဲ၌ ကျန်ခဲ့ပြန်၏။

တစ်မိနစ်မျှ ကြာသောအခါ ဆာကဲနက် ဝင်လာခဲ့သော အပေါက် သည် တဖြည်းဖြည်း ပွင့်လာ၍ အလင်းရောင် ထွက်လာသည်။ ဆာကဲနက်

mgyoe.com

mgyoe.com


ဤတံခါးသို့ရောက်သောအခါ အဝဠ် အိပ်နေသောရသေ့ကြီးကို ယခင်က အတိုင်းတွေ့ရ၍ ရသေ့ကြီးသည် လဲလျောင်းနေရာမှထပြီး မီးအိမ်ကလေး တစ်ခုကို ယူပေးကာ...

"ရော့ ဒီမီးအိမ်ကိုယူ၊ ကျွန်ုပ်ကို အဆင်းမှာလမ်းပြ၊ ကျွန်ုပ်မျက်နှာကို အောက်ဂူထဲရောက်မှ မျက်နှာဖုံးဖြေရမယ်...."

သူတို့အိပ်သောဂူ၏အပြင်ဘက်ခန်းရှိ ပလ္လင်ကလေးရှေ့ရောက်သော အခါ ဆာကဲနက်သည် ရသေ့ကြီး၏ မျက်နှာစည်းကို ဖြေပေးပြီး အိပ်ရာသို့ သွားရလေ၏။ ဆာရ်ဆင်မှာ ယခုတိုင် အိပ်ပျော်လျက်ပင်ရှိသေးသည်။ ဆာကဲနက်သည် ဆာရ်ဆင်၏ မျက်နှာကို ခေတ္တမျှ ကြည့်လိုက်ပြီးနောက် အိပ်ရာသို့ ပစ်လှဲလိုက်လေသည်။

နောက်တစ်နေ့ကျသောအခါတွင် ဆာကဲနက်မှာ ရသေ့ကြီးနှင့် အရေးကြီးသော ဆွေးနွေးစရာများရှိသည်နှင့် ဤဂူတွင် နှစ်ရက်မျှနေရန် အကြောင်း ပေါ်ပေါက်လာလေသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၇)

## အင်္ဂလန်ပြည့်ရှင်ဘုရင် ရစ်ချာ့ဒ်

ယခု ကျွန်ုပ်တို့၏ ဝတ္ထုကြောင်းကို အင်္ဂလိပ်–တောတောင်ဒေသမှ၊ ခရစ်ယာန်စစ်သည်တော်တို့ တပ်မတော်ကြီးချရာဌာနရှိ ဘုရင်ရစ်ချာ့ဒ်၏ ယာယီတဲနန်းတော်သို့ ပြောင်းကြပါစို့။

ထိုအချိန်၌ ကိုယ်လက်အင်္ဂါ အလွန်တရာကြီးမားသန်စွမ်းလှ၍၊ သူရသတ္တိမှာလည်း အင်္ဂလန်ရာဇဝင်တွင် ထိပ်ဆုံးက ဝင်ခဲ့သော ဘုရင်ရစ်ချာ့ဒ်သည် ယခုခရုဆိဒ်စစ်ပွဲကြီးတွင် ဦးစီးခေါင်းဆောင် တိုက်ခိုက်နေရာမှ အေးမြလှသော အင်္ဂလန်နှင့် မတူ၊ ပူပြင်းလှသော ဆာရိယ, ရာသီဥတုကြောင့် အာရှတိုက်တွင်ဖြစ်လေ့ဖြစ်ထရှိသော တဖြည်းဖြည်း အားအင်ကုန်ခန်း နာမကျန်းသည့် ဝေဒနာမျိုးကို ခံစားလျက်နေရလေသည်။ ဤဆိုးရွားလှသော ရောဂါသည် သူ၏ကြီးမားလှသော ခန္ဓာကိုယ်ကြီးကို တစ်စတစ်စ, အင်အား ယုတ်စေ၍ ပထမမြင်းပေါ် မတက်နိုင်သည်မှစပြီး ယခုမူ မကြာခဏပြုလုပ်လေ့ရှိသော ခရစ်ယာန်မင်းသားများ အစည်းအဝေး၌ မထိုင်နိုင်သည်ပင် ကာလအတန်ကြာခဲ့ပေပြီ။

သို့စင်လျက် သူသည် ယခု ခေတ္တစစ်နားနေကြောင်း သိရသည်ကို အလွန်စိတ်ဆိုးနေသည်။ သူကိုယ်တိုင်အိပ်ရာထဲမှ မထနိုင်ပါလျက် လှောင်ချိုင့်ထဲမှ သားကောင်ကို မြင်နေရသော ခြင်္သေ့ကြီးသဖွယ် မာန်တခဲခဲ အံတ

mgyoe.com

mgyoe.com

ကြိတ်ကြိတ်နှင့် သူ့ကိုယ်သူသော်လည်းကောင်း၊ အခြားသူများကို လည်းကောင်း အစဉ်သဖြင့် ကြိမ်းမောင်းဟိန်းဟောက်နေလေသဖြင့် အစေခံနှင့် မှူးမတ်များသည် သူ့အနားသို့ ချဉ်းကပ်ရန် စိုးရွံ့လှသည်။ သူ့ကို ကုသနေသောဆေးဆရာသည်ပင် ရဲတင်းစွာ မပြုစုဝံ့ရှာ။

သို့သော် သူ့အနီးသို့ အမြဲတစေ ရင်းနှီးစွာ ချဉ်းကပ်ဝံ့သူတစ်ယောက်ကား အင်္ဂလန်မြောက်ပိုင်းမှ ဂစ္စလန်နယ်စားကြီး ဆာသောမတ်စ်ဒီဗိုးရှိလေသည်။ ဆာသောမတ်ဒီဗိုးမှာ စိတ်ရှည်ခြင်း၊ သည်းခံတတ်ခြင်း၊ ပျော်ရွှင်တတ်ခြင်း၊ ရဲရင့်ခြင်းတည်းဟူသော မြင့်မြတ်သည့် ဂုဏ်ပုဒ်များကြောင့်သာ ဤမျှကြောက်မက်ဖွယ်ကောင်းသော ဘုရင်နှင့် သူ၏ ပြင်းထန်နေသော ဒေါသတို့အကြားတွင် မားမားရပ်နိုင်ခြင်းဖြစ်လေသည်။

ဆာရိုယပြည်၏ မွန်းလွဲနေစောင်းအချိန် ဘုရင်ရစ်ချာ့ဒ်သည် သူ၏ အိပ်ရာပေါ်၌ သူ့ဝေဒနာကိုသူ စိတ်ဆိုးလျက် ရှိသည်။ သူ၏နဂိုတောက်ပလှသော မျက်လုံးတို့မှာ ယခုဒေါသရှိန်ကြောင့် ပိုမိုတောက်ပလျက် ဆံပင်မုတ်ဆိတ်တို့ကိုလည်း မဖြီးမလိမ်း ရိတ်သိမ်းပြုပြင်ခြင်း မရှိသည်နှင့် ဒေါသမျက်မာန်ခက်ထန်နေသော ကေသရာခြင်္သေ့မင်းနှင့်တူလေသည်။ သူ့အိပ်ရာခင်းနှင့် ခြုံစောင်တို့မှာလည်း သူ့လက်နှင့်ဆုပ်လိုက်ဖွလိုက် ဟိုပစ်ဒီခတ် ဟိုလှိမ့်ဒီလူး လုပ်နေသောကြောင့် ကြည့်မကောင်း ရှုမကောင်း ပွရောင်းရှုပ်ထွေးနေသည်။ ထိုအချိန်၌ ဆာသောမတ်စ်ဒီဗိုးသည် သူ့ခုတင်နံဘေးတွင် ပြောဆိုမရသော ကလေးဆိုးကြီးအား သဘောရှိနေပါစေဟု ပစ်ထားသည့် အလား မားမားကြီးရပ်ကာ ကြည့်ရှုတွေဝေနေလေသည်။

ဘုရင်ရစ်ချာ့ဒ် အိပ်ရာပေါ်၌ ဘာမျှမပြော၊ သူ့သဘောရှိ လူးလှိမ့်ပစ်ခတ်နေပြီးနောက်၊ ဆာသောမတ်စ် ဒီဗိုးကို ယခုမှ မြင်သလို မော်ကြည့်လိုက်ပြီး–

"ဟေ့ ဒီဗိုး မင်း အပြင်ဘက်က ငါ့ဆီကို ဘာသတင်းထူးမှ ယူမလာခဲ့ဘူးလား..."

ဆာသောမတ်စ်ဒီဗိုးသည် လေးဆေးမှန်ကန်စွာပင်...

"ဘာသတင်းထူးရယ်တော့ ရှိမလဲ အရှင် အခုချိန်မှာ ခေတ္တစစ်နားထားတော့ ကျွန်ုပ်တို့ ယောက်ျားတွေမှာ လှုပ်ရှားမှုမရှိပေဘူး။ မိန်းမတွေသာပဲ

mgyoe.com

mgyoe.com


ဒီစစ်ရပ်နားထားတဲ့ အခွင့်အရေးယူပြီး အရှင့်မိဖုရားနဲ့ ကိုယ်လုပ်မောင်းမ အခြွေအရံတွေ အရှင့်ရဲ့ ကျန်းမာရေးကို ဆုတောင်းရအောင် အင်္ဂတီကို ဘုရားဖူးသွားကြပါတယ်..."

"ဟေး ဒီဗိုးရဲ့ ဒီမိန်းမတွေဟာ ခွေးလောက်မှ အသုံးမကျတဲ့မိစ္ဆာဒိဋ္ဌိတွေပိုင်တဲ့ ရန်သူနယ်ပယ်ထဲကို သွားသင့်သတဲ့လား..."

"မဟုတ်သေးဘူး ဘုရား... သူတို့ကို ရှင်ဘုရင်ဆိုလ်ဒင်ဆီက စောင့်ရှောက်ပါမယ်ဆိုတဲ့အာမခံစကားရထားပါတယ်"

"အေး မှန်တယ် မှန်တယ်။ ဒီလိုဆိုရင် ငါဘုရင်ဆိုလ်ဒင်ကို မကောင်းပြောမိရာရောက်နေပြီ၊ သူဟာ ခရစ်ယာန်မဟုတ်ပေမယ့် တကယ့်သစ္စာရှိတဲ့လူတစ်ယောက်ပေပဲ၊ အခု ငါ သူ့ကို ပြစ်မှားမိတဲ့အတွက် အလျော်ပေးရလိမ့်မယ် ဘုရားသခင်သာ ငါ့ကို စစ်တိုက်နိုင်အောင် ကျန်းမာပါစေ၊ ငါဆိုလ်ဒင်ကို ဟောသည်လို.... ဟောသည်လို...."

ထိုသို့ ပြောရင်း ရစ်ချာ့ဒ်သည် သူ၏ ကြီးမားလှသောညာလက်မောင်းကြီးကို အပြင်သို့ ဆန့်ထုတ်ပြီး စောင်စ, တစ်ခုကို ဓား သို့မဟုတ်ရဲတင်းပုဆိန်ကို စစ်မြေပြင်၌ကိုင်တွယ်ဘိသကဲ့သို့ ကျစ်ကျစ်ပါအောင် ဆုပ်လျက်အိပ်ရာမှ အနိုင်နိုင် ကြိုးစားထကာ ဆိုလ်ဒင်၏ ဦးခေါင်းကို ခုတ်ခွဲတော့မည့်ဟန်ပြုနေလေသဖြင့် ဆာသောမတ်စ်ဒီဗိုးမှာ မနေသာတော့ဘဲ သူ့ဘုရင်အား အိပ်ရာပေါ်သို့ အတင်းပြန်ဖိချလိုက်ရလေ၏။ ဤမှဘုရင်ရစ်ချာ့ဒ်စိတ်အားပြန်ကျသွားပြီး...

"ဟော့... ဒီဗိုး မင်းဟာစိတ်ပါလက်ပါ ပြုစုတတ်ပေမယ့် တယ်ကြမ်းတမ်းတဲ့ အကောင်ပဲကွ...၊ ဒီပုံဆိုရင် မင်းနဲ့ငါ ကလေးနဲ့ အာယားလုပ်ပြီး မိန်းကလေးတွေကို ခြောက်လှန့်ဖို့ကောင်းတယ်ကွ..."

"ဟား... ကျွန်ုပ်တို့ဟာ မိန်းကလေးတွေတင် ဘယ်ဟုတ်မလဲ၊ စစ်မြေပြင်မှာ ယောက်ျားရင့်မာကြီးတွေကိုတောင် ခြောက်လှန့်ခဲ့ပြီပဲ၊ နောက်လည်း ခြောက်လှန့်ဖို့ကို ကျွန်ုပ်တို့ အသက်ရှည်နေဦးမှာပဲ၊ သို့သော် တစ်ခါတစ်ရံတော့ အရှင်ဘုရားလိုအစဉ်မပြတ် စစ်ပဲတိုက်ချင်နေတဲ့ ပုဂ္ဂိုလ်မှာ အခုလိုရောဂါလေးရနေတာဟာ အရှင်ဘုရားနဲ့ အလွန်သင့်လျော်တာပဲ..."

"ဟေ ဒီအဖျားနဲ့ ငါနဲ့ သင့်လျော်တယ် ဟုတ်လား"

mgyoe.com

mgyoe.com

"သဘာဝက အရှင်ဘုရားကို စစ်နားဖို့ အခွင့်ပေးတာ ကျေးဇူးတင်စရာပေါ့..."

"မင်းပြောတာ ငါနားလည်ပြီ... ကဲ ငါကတော့ အခု မကျန်းမာလို့ စစ်မတိုက်နိုင်ဘူး။ သို့သော် အခြားခရစ်ယာန်ရှင်ဘုရင်တွေ မင်းသားတွေက ဘာလုပ်နေကြသတဲ့လဲ။ သူတို့ဟာ ဘာသာရေးအတွက် တိုက်ခိုက်ပါမယ်လို့ ဘုရားသခင်ဆီမှာ သစ္စာပြုထားကြပြီးတော့ အခုလိုရပ်နားတာကို မရှက်ကြဘူးတဲ့လား..."

"အိုး... အိုး ဒါကို အရှင်ဘုရား သိပ်ပြီး အပြစ်ယူတော်မမူပါနဲ့ သူတို့ကြားသွားပါ့မယ်၊ သူတို့ခမျာများမှာ အရှင်ဘုရားလို ခေါင်းဆောင်ကြီး ဖျားနေတော့ ဦးဆောင်မယ့်လူ မရှိလို့ ရပ်နားနေတာပါ..."

"ဟာ ဒီဗိုး မင်းကများ ငါ့မြှောက်ပြောနေတာလား"

သို့သော် သူ့စိတ်ထဲမှာ အတော်သဘောကျသွားပုံပေါ်နေလျက် "ငါ မရှိကောကွာ ဒီလောက်ရှင်ဘုရင်တွေ မင်းသားတွေ စုရုံးနေကြတဲ့အထဲမှာ ခေါင်းဆောင်လုပ်ဖို့ တစ်ယောက်လောက်မှ မရွေးချယ်ကြဘူးတဲ့လား"

"သူတို့ အရင်တစ်နေ့ကတော့ ရွေးချယ်ဖို့ စည်းဝေးကြတယ်တော့ ကြားတာပဲ"

"ဟား..." ရစ်ချာ့ဒ်သည် မျက်လုံးဖြံ၍ အော်လိုက်သည်၊ စင်စစ် သူ့အပြင်ခေါင်းဆောင်ရွေးသည်ဆိုသည်ကို မကြိုက်ချေ။ "သူတို့က ငါ့ကိုသေပြီလို့ ယူဆကြသလားဟင်ဟု ဆိုပြီးမှ သတိရကာ "နေ–နေ၊ ဒါပေမဲ့ သူတို့လုပ်တာမှန်တယ်၊ ကဲဘယ်သူ့ကို ခေါင်းဆောင်အဖြစ် ရွေးကြသလဲပြောစမ်း'

"ဂုဏ်နဲ့အဆင့်အတန်းလိုက်ပြီးတော့ ပြင်သစ်ဘုရင်ကို ညွှန်ကြားကြတယ်"

"အိုး ပြင်သစ်ဘုရင် ဖိလစ်လား၊ စကားအိုး အပြောသမားပဲ၊ တော်တော့တော်ပါတယ်၊ ဒါပေမဲ့ တစ်ခုရှိတယ် စစ်ချီတက်တဲ့အခါမှာ (ရှေ့တက်) ဆိုတဲ့အမိန့်နဲ့ (နောက်ဆုတ်)ဆိုတဲ့ စကားမှားပြီး ဂျေရုဆလင်မြို့ကို ချီတက်ရမယ့်အစား ပြင်သစ်ပြည်ကို စစ်သားတွေ မ,သွားလိမ့်မယ်"

"နောက်ပြီး ဩစရီးယားမင်းသားကြီးကို ရွေးကြသေးတယ်"

"ဟ ဒီဗိုး ဩစရီးယားမင်းသားကြီး လီယိုပိုက ဝပြီးလူကောင်ကြီးတာ

mgyoe.com

mgyoe.com


ချင်း နင်နဲ့တူလို့တဲ့လား။ နို့ပြီး နင့်လောက်သာ မိုက်တဲ့သတ္တိ ရှိ–မရှိ မသိရတယ်။ ခေါင်းထူတာချင်းတော့ နင်နဲ့အတူတူပဲ ငါပြောမယ် နင့်ဩစရိယျံ ကောင်ကြီးဟာ အသားများပြီး သူ့ကိုယ်သူ မနည်းသယ်နေရတာ။ သတ္တိကတော့ စိတ်ဆိုးလွယ်ပြီး ဒေါသကြီးတဲ့ နကျယ်ကောင်လောက်မှ မရှိဘူး"

"ဒါဖြင့် ဂိုဏ်းအုပ်ဆရာတော် သူရဲကောင်းဂီလ်(စ်)အင်မာရီ၊ သူကတော့ မကြောက်မရွံ့ဘဲ သတ္တိရှိတယ်၊ စစ်မှုရေးရာလည်း ကျွမ်းကျင်တယ်၊ အစည်းအဝေးတွေမှာလည်း ပညာရှိတစ်ယောက်ပဲ၊ နောက်ပြီး သူ့မှာ တိုင်းနိုင်ငံသီးသီးခြားခြားလည်းမရှိတော့ သာသနာရေးသာ ဆောင်ရွက်ဖို့ရှိတာပဲ။ ကဲ အရှင်ဘုရား သူ့ကော ဘယ်လိုပြောဦးမလဲ"

"အား၊ ဘုန်းကြီးအလံကြီးနဲ့ ဘရာသာ ဂီလ်(စ်)အင်မာရီလား။ နင်ပြောသလို သူ့မှာသတ္တိလည်းရှိပါတယ်။ စစ်တိုက်ဖို့ အမိန့်လည်းပေးတတ်ပါတယ်။ ရှေ့ဆုံးကလည်း နေတိုက်ဝံ့ပါတယ်။ ဒါပေမဲ့ သောမတ်စ်ဒီဗိုး တစ်ခုစဉ်းစားပါဦး။ ခရစ်ယာန်မဟုတ်ပေမယ့်လို့ အလွန်တရာ ရဲရင့်မှန်ကန်ပြီး ကတိသစ္စာတည်ကြည်တဲ့ ငါ့မိတ်ဆွေ ဘုရင်ဆိုလ်ဒင်လက်ထဲက မြင့်မြတ်တဲ့ ဘုရားသခင့်သင်္ချိုင်းတော်ကို ခရစ်ယာန်ဘုန်းကြီးလုပ်ပြီးတော့ တရားတော်နဲ့မညီ မကောင်းမှုတွေကို သံသရာမကြောက်ဘဲ ကိုယ်ကျိုးအတွက် ခဏခဏပြုလုပ်နေတဲ့ ဒီဂရင်းမာစတာအင်မာရီက ခေါင်းဆောင်ပြီး တိုက်ခိုက်အောင်မြင်ဖို့ သင့်လျော်သတဲ့လား...."

"ကောင်းပါပြီ ဒါဖြင့် နောက်တစ်ယောက် ကျွန်ုပ်ပြောပါရစေဦး။ ရဲရင့်တဲ့ မွန်ဆားရက်မြို့စားကြီး ကွန်ရတ် ပညာလည်းရှိတယ်။ ယဉ်ကျေးသိမ်မွေ့ခြင်းလည်းရှိတယ်။ အတိုက်အခိုက်လည်းကောင်းတယ်..."

"ဟ... ဒီကောင်လားကွ ပညာရှိ ကောက်ကျစ်စဉ်းလဲတာကွ၊ ယဉ်ကျေးတယ်ဆိုတာကကော မိန်းမရဲ့ အခန်းထဲမှာ ယဉ်ကျေးသိမ်မွေ့နေတာပါ။ စစ်ပွဲထဲမှာ ဘယ်လိုလုပ်အသုံးကျမလဲ"

"ကဲ ဒါဖြင့် ရွေးချယ်စရာကုန်ပါပြီ 'ဘုရားသခင်ဟာ ဘုရင်ရစ်ချာဒ်ရဲ့ ကျန်းမာခြင်းကို ပြန်မပေးသမျှကာလပတ်လုံး ခရစ်ယာန်တွေထဲမှာ ဂျေရုဆလင်မြို့တော်ကို ပြန်ရအောင် တိုက်နိုင်မယ့် ခေါင်းဆောင်မရှိတော့ဘူး' ဆိုတဲ့ အနေနဲ့ ယခုခေါင်းဆောင် ရွေးချယ်ပွဲကြီးကို အဆုံးသတ်လိုက်ပါ..."

mgyoe.com

mgyoe.com


"သောမတ်စ်ဒီဗိုး ငါဟာ ဘယ်လောက်များ မိုက်သလဲလို့ မင့်လိုလျင်မြန်တဲ့ အသိဉာဏ်နည်းပါးတဲ့ မြောက်ပိုင်းသား တစ်ယောက်ကတောင် ငါ့ချို့ယွင်းချက်ကို ဝန်ခံအောင်ပြောနိုင်စရာဖြစ်လာတယ်ဟုတ်တယ်၊ ဒီဗိုးကြီးမြင့်လိုတဲ့ စိတ်ထက်သန်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ငါ့ချို့ယွင်းချက်တွေကို ဝန်ခံပါတယ်။ စင်စစ် အမှန်ကတော့ တို့အခု ခရစ်ယာန်စစ်တပ်ကြီးထဲမှာ အင်္ဂလန် ဘုရင်ရစ်ချာ့ဒ်ထက်သာတဲ့ သူရဲကောင်းတွေ အများကြီး ရှိပါတယ်။ သူတို့အထဲက တစ်ယောက်ယောက်ကို ရွေးချယ်ပြီး ဂျေရုဆလင်မြို့ကို ရအောင် တိုက်နိုင်ပါတယ်။ ဒါပေမဲ့လို့ ဒီဗိုးမှတ်ထားလိုက်စမ်း ငါမကျန်းမမာဖြစ်နေစဉ်အခါမှာ ငါ့နေရာဝင်ပြီးတော့ ခရစ်ယာန်စစ်တပ်ကြီးတစ်ခုလုံးကို ခေါင်းဆောင်ပြီး ဂျေရုဆလင်မြို့က ဘုရားရှိခိုးကျောင်းကြီးပေါ်မှာ လက်ဝါးကပ်တိုင် အလံကြီးကို စိုက်ထူရအောင် တိုက်နိုင်တဲ့ သူရဲကောင်းဟာ ဒီမြင့်မြတ်တဲ့ စွန့်စားမှုကြီးမှာ ငါမပါရတဲ့အတွက် ငါကျန်းမာလာချင်း သူနဲ့ ငါအသေတိုက်တဲ့ တိုက်ပွဲတစ်ခုကို အမြန်ဆုံး ကျင်းပရပေလိမ့်မယ်။ ဟား ဒါထက်အပြင်ဘက်က အခု ဘာဆိုင်းသံတွေများလဲ"

ရစ်ချာ့ဒ်သည် စကားပြောနေရာမှ အပြင်ဘက်သို့ နားစွင့်ပြီး မေးလိုက်ရာ သောမတ်စ်ဒီဗိုးက...

"ဘုရင်ဖိလစ်နဲ့ သူ့လူတွေ ထင်ပါရဲ့။ ဖိလစ်ကလည်း တစ်ခါတလေ အတီးအမှုတ်တွေနဲ့ တပ်ထဲ လျှောက်ပြီး အရူးထ, တတ်တယ်"

ရစ်ချာ့ဒ်သည် အိပ်ရာမှ ထရန် ကြိုးစားလျက် 'တယ်နားထူတဲ့ကောင်ကြီးပဲ ဒါ ခရစ်ယာန်တွေ အသံမဟုတ်ဘူး သေသေချာချာများ နားထောင်စမ်းပါဦး။ ဟား.... တကယ့်ကို တူရကီတွေ တို့စစ်တပ်ထဲရောက်နေပြီထင်တယ်။ သွားကြည့်ဇမ်း၊ နောက်ပြီး ငါ့ကို မြန်မြန်ပြန်ပြော...."

❒

mgyoe.com

mgyoe.com

## အခန်း (၉)

## ဆာကဲနက်နှင့် သောမတ်စ်ဒီဗိုး

ဆာသောမတ်စ် ဒီဗိုးသည် ယာယီတဲနန်းတော်အပေါက်ဝမှ ခြေလှမ်းများစွာ မလှမ်းရမီပင် ယခု သူကြားနေရသော အသံများသည် ဘုရင် ရစ်ချာဒ် ပြောလိုက်သည့် အတိုင်းပင်မဟာမေဒင် ကုလားတစ်စုတို့၏ ဗုံတို၊ အိုးစည်၊ လင်းကွင်း၊ နှဲ သံတို့ဖြစ်ကြောင်းကို သိရလေသည်။ ရှည်လျားသော လုံတံများကို ကိုင်ဆောင်လျက် ခေါင်းပေါင်းဖြူကြီးများကို ပေါင်းထားသော မဟာမေဒင် ကုလားတစ်စုတို့သည် သူတို့၏ ဝန်တင်သောကုလားအုတ်များနှင့် သစ်ရိပ်တစ်ခုတွင် သူတို့ထုံးစံအတိုင်း တီးမှုတ်နေကြ၍ မျက်နှာဖြူခရစ်ယာန် စစ်သားတို့က ဝန်းဝိုင်းကြည့်ရှုနေကြကုန်၏။

သောမတ်ဒီဗိုး ပထမဦးဆုံးတွေ့ရသူမှာ ဣန္ဒြေရစွာ ခြေလှမ်းကျဲကြီးများနှင့် သူ့ဆီတည့်တည့်သို့ လျှောက်လာနေသော စပိန်လိုလို စကော့လိုလို လူတစ်ယောက်ဖြစ်လေသည်၊ ထင်ရှားစွာ မြင်နိုင်လောက်အောင် နီးကပ်လာသောအခါ၌ ဒီဗိုး၏နှုတ်မှ "ဟာ ဒါစကော့တစ်ယောက်ပဲ ကျားသစ်သူရဲကောင်း စစ်ပွဲတွေမှာ သူ့တိုင်းပြည်ဂုဏ်ကို ဆောင်နေတာ ငါမြင်ဖူးတယ်" ဟု တီးတိုးရေရွတ်လိုက်မိ၏။

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး လွန်သွားခါနီးတွင် စကော့ဆာကဲနက်သည် ဒီဗိုး၏ ရှေ့တည့်တည့်၌ ရုတ်တရက် လမ်းပိတ်ရပ်လိုက်ပြီး...

mgyoe.com

mgyoe.com


"အမတ်ကြီး ဆာသောမတ်ဒီဗိုး ကျွန်ုပ်မှာ အသင်နှင့် စကားပြောစရာ ကိစ္စတစ်ခုရှိပါတယ်...."

"ဟား ကျွန်ုပ်နဲ့လား စကားတိုတိုဖြင့် မြန်မြန်ပြော ယခု ကျွန်ုပ်မှာ ရှင်ဘုရင့်ကိစ္စနဲ့...."

"ကျွန်ုပ်ကိစ္စက ရှင်ဘုရင်နဲ့ ပိုပြီး စပ်ဆိုင်ပါတယ်။ ကျွန်ုပ်ရှင်ဘုရင် ကျန်းမာဖို့ ဆောင်ရွက်ရအောင်လာခဲ့ပါတယ်"

ဒီဗိုးသည် ဆာကဲနက်ကို အကဲခတ်သလို ကြည့်လိုက်ပြီး...

"ဟာ ဆာစကော့ သင်ဆေးဆရာလည်း ဟုတ်ပုံမပေါ်ပါဘူး။ သင်ဟာ ရှင်ဘုရင် ကျန်းမာဖို့ ပြောတာထက်၊ စကော့တလန်ပြည်က ပစ္စည်းရတနာတွေ ယူလာတယ်ဆိုတာက ကျွန်ုပ်ယုံကြည်ပါလိမ့်ဦးမယ်" ဟု ခပ်နိမ့်နိမ့်ကလေးပြောလိုက်၏။ အကြောင်းမှာ ထိုစဉ်၌ စကော့တလန်ပြည်သည် အလွန်ဆင်းရဲသည်ဟု ပြောလေ့ရှိကြ၏။ ဆာကဲနက်မှာ များစွာမခံချင်သော်လည်း စိတ်ကိုချုပ်တည်းလျက်တည်ငြိမ်စွာပင်။

"ကျွန်ုပ်တော့ ဆေးဆရာမဟုတ်ပါဘူး။ အမှန်ပြောရရင် ရှင်ဘုရင်ကို ပျောက်အောင်ကုသနိုင်မယ်ဆိုတဲ့ မဟာမေဒင် ဆေးဆရာတစ်ယောက်ကို ကျွန်ုပ်ခေါ်ခဲ့ပါတယ်"

ဒီဗိုး အံ့အားသင့်လျက်။

"ဟား မဟာမေဒင်ဆေးဆရာဟုတ်လား၊ ဆေးကုမယ့် အစားအဆိပ်ခတ် မသတ်ဘူးလို့ ဘယ်သူဝန်ခံရဲမလဲ"

"သူ့အသက်ပေါ့၊ ပျောက်အောင်မကုနိုင်ရင် သူ့ခေါင်းကို ဖြတ်ပါဆိုတဲ့ ပဋိညာဉ်ပေးပါတယ်"

"ဟို့ ဒါယုံစရာတဲ့လား၊ သူတို့အသက်ကို နည်းနည်းမှ တန်ဖိုးမထားတဲ့ လူဆိုးတွေ ကျွန်ုပ်တို့အများကြီးတွေ့ဖူးသားပဲ။ ပြစ်မှုကျူးလွန်ပြီးလို့ အသတ်ခံရအောင် စက်တိုင်သွားတဲ့အခါမှာတောင် လူသတ်သမားကို သူတို့နဲ့ တွဲက,ရမယ့် မိန်းကလေးလိုသဘောထားပြီး ပျော်ပျော်ပါးပါး သွားကြတာပဲ..."

"ဒါတော့ မှန်တယ်၊ သို့သော် အခုကိစ္စက ဒီလိုပါ။ သစ္စာသမာဓိဘည်ကြည်ရဲရင့်ရက်ရောတဲ့အတွက် လူအားလုံးတို့ရဲ့ ယုံကြည်ခြင်းခံရတဲ့

mgyoe.com

mgyoe.com


ဂုဏ်ပုဒ်နဲ့ ပြည့်စုံကြောင်းကို ကျွန်ုပ်တို့ ခရစ်ယာန်တွေတောင် မငြင်းနိုင်တဲ့ မဟာမေဒင်ဘုရင် ဆိုလ်ဒင်က သတ္တိရှိတဲ့ရန်သူတစ်ယောက်ဖြစ်တဲ့အတိုင်း ယခု ကျွန်ုပ်တို့ ဘုရင်ရစ်ချာ့ဒ်ကျန်းမာမှသာ သူနဲ့ စစ်မြေပြင်မှာ မျက်နှာချင်း ဆိုင်ရမှာမို့၊ ဘုရင်ရစ်ချာ့ဒ်ကို ကုသရန်အတွက် သူ့နန်းတွင်းဆေးဆရာကို အခြွေအရံများနှင့်တကွ စေလွှတ်လိုက်ခြင်းပါ။ ဆေးဆရာနာမည်က 'အဒွန်းဘက်အဲလ်ဟာကင်' တဲ့။ အဲ့ဒါကို အမတ်ကြီးသဘောကျခဲ့လို့ရှိရင် အမတ်ကြီးက ဘုရင်ရဲ့ အတွင်းလူ အယုံကြည်ဆုံးဖြစ်တဲ့အတိုင်း ဆေးဆရာနဲ့ သူ့နောက်လိုက်တွေအတွက် နေရာထိုင်ခင်းပေးဖို့ ကျွန်ုပ်ကတောင်းဆိုပါတယ်။ အစားအသောက်တော့ သူတို့က ကျွန်ုပ်တို့ အစာလည်း မစားလေတော့ သူတို့ဟာသူတို့ပဲ ပါခဲ့ကြပါတယ်"

"အင်း အံ့ဩစရာပဲ၊ ကဲ ဒါထက် နေပါဦး။ ဘုရင်ဆိုလ်ဒင်ဟာ ဘယ်လိုပဲ ကတိသစ္စာနဲ့ မှန်ကန်ရဲရင့်တယ်ဆိုပေမယ့် ကျွန်ုပ်တို့ဘုရင်ရစ်ချာ့ဒ်ဟာ သူ့ရဲ့အကြီးဆုံးသော ရန်သူကြီးဖြစ်လေတော့ ပရိယာယ်ဖြင့် ရန်သူကို မသတ်ဘူးလို့ကော ဘယ်သူက အာမခံဝံ့ဦးမှာလဲ..."

"ကျွန်ုပ်ကိုယ်တိုင်ပါပဲ ဆိုလ်ဒင့်ကို အာမခံပါတယ် ကျွန်ုပ်ဂုဏ်ရော အသက်ရောပါ..."

"အား တယ်ထူးဆန်းပါလား ခရစ်ယာန်ကမဟာမေဒင်အဖို့ စကော့က တူရကီအဖို့ အာမခံတယ်ဆိုတာ ဒါထက်နေပါဦး သူ့ရဲကောင်းဆာကဲနက်နဲ့ ဒီကိစ္စနဲ့ ဘယ်လိုက ဘယ်လို ဆက်သွယ်လာခဲ့သလဲဆိုတာ ပြောစမ်းပါဦး"

ကျွန်ုပ်အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုနဲ့ အင်္ဂတီက ရသေ့ကြီးဆီကိုသွားရပါတယ်။ အများအားဖြင့် ခရစ်ယာန်တွေရဲ့ ယုံကြည်ဆည်းကပ်ခြင်းခံရတဲ့ ၎င်းရသေ့သူမြတ်ကြီးက ဆက်သွယ်ပေးလိုက်ခြင်းဖြစ်ပါတယ်..."

ဆာကဲနက် ကျွန်ုပ်ကို ဒီရသေ့ကြီးနဲ့ရောပြီး ဒီကိစ္စကို ယုံကြည်အောင် လုပ်မနေပါနဲ့" စိတ်မပါသလို ပြောလိုက်၏။

"ကျွန်ုပ်ကလည်း အတင်းမယုံကြည်ခိုင်းပါဘူး...."

ဆာကဲနက်ကလည်း သည်းမခံနိုင်သလို ပြန်ပြောလိုက်သည်၌ ဒီဗိုးသည် မာနကြီးစွာရင်ကို မောက်လိုက်ပြီး....

mgyoe.com

mgyoe.com


ကျွန်ုပ်က အင်္ဂလန်ဘုရင်ရစ်ချာ့ဒ်အတွက် အရေးကြီးဆုံးလူတစ်ယောက်ပါ…"

"အို… ကျွန်ုပ်က အင်္ဂလိပ်ဘုရင်ရဲ့ သစ္စာခံ ကျွန်မဟုတ်ပါဘူး။ သာသနာရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ခရစ်ယာန်မင်းသားများ အစည်းအဝေးက ကျွန်ုပ်ကို ခိုင်းစေလို့သာ ဆောင်ရွက်ခဲ့တာပါ"

"ဟား… ဒီလိုလား ဒါဖြင့် သင်ဟာ ခရစ်ယာန် မင်းသားတွေ အစည်းအဝေးကို သံတမန်မကလို့ ဘာပဲဖြစ်ဖြစ်၊ သင့်ဆေးဆရာဟာ ဘုရင်ရစ်ချာ့ဒ်ရဲ့အိပ်ရာနားကို ကျွန်ုပ်ရဲ့ အမိန့်မပါဘဲနဲ့ မကပ်ရဘူးဆိုတာ မှတ်ထားလိုက်ပါ"

ထိုသို့ပြောလျှက်ဆာသောမတ်စ်ဒီဗိုးသည် ဟိတ်ကြီးဟန်ကြီးနှင့် သွားတော့မည်ပြုလိုက်သည်၌ ဆာကဲနက်သည် ရှေ့မှပိတ်ဆို့ရုံမက မျက်နှာချင်းထိလုမတတ် ရင်ချင်းဟပ်လိုက်ပြီး

"အသင် ကျွန်ုပ်လို ဂုဏ်သရေရှိ သူရဲကောင်း တစ်ယောက်ဖြစ်ကြောင်း သတိပြုပြီး စကားပြောပါ"

"အား… ဟုတ်ပါတယ် စကော့လူမျိုးတွေဟာ ဂုဏ်သရေရှိတဲ့ သူရဲကောင်းတွေပါ…" ဟု ဆာသောမတ်စ်သည် ရုတ်တရက် မခံချင်စိတ်နှင့် ပြောလိုက်ပြီးမှ ဆာကဲနက် မျက်နှာရှက်သွေးလွှမ်းသွားသည်ကို မြင်ရ၍ သူ့စကားလွန်သွားကြောင်း သတိရကာ အသံကို လျှော့လိုက်ပြီး "အသင့်လို ဝတ္တရားကျေပွန်ပြီး မှန်ကန်ရဲရင့်တဲ့ သူရဲကောင်းတစ်ယောက်အပေါ်ကို ကျွန်ုပ်သံသယဖြစ်မိတာ ကျွန်ုပ်မှာ အပြစ်ရှိမှာပေါ့…" ဟု ပြန်ပြောလိုက်ရာ၏။

ဤတွင်မှ ဆာကဲနက်ကျေနပ်သွားကာ ပြန်လည်တည်ငြိမ်သော အမူအရာနှင့် "ဒါဖြင့် ကောင်းပါပြီ အမတ်ကြီး ဒီမူဆလင်ဆေးဆရာ ဘုရင်ရစ်ချာ့ဒ်ကို မကောင်းစိတ်နဲ့မကြံ၊ ဖြောင့်မှန်စွာ ကုသမည့် အကြောင်းကို ကျွန်ုပ်က ဘုရားသခင်၏ နာမတော်အားဖြင့် ကျိန်ဆိုပါတယ်။ ကျွန်ုပ်လည်း ဘုရင်ရစ်ချာ့ဒ်နဲ့ ကျန်းမာချမ်းသာခြင်းကို အလိုရှိတယ်ဆိုတာလည်း ယုံကြည်ပါ…"

"ကောင်းပါပြီ ဆာကဲနက်ဒါထက် ကျွန်ုပ်မေးစမ်းပါရစေဦး အဆိပ်ခတ်ခြင်းအတတ်ကို ထမင်းချက်သလောက်ပေါ်များစွာ အသုံးပြုနေကြတဲ့

mgyoe.com

mgyoe.com


အရပ်က ကျွန်ုပ်တို့နဲ့ဘာသာမတူ အယူကွဲပြားပြီး တစ်ခါမှမတွေ့မမြင်ဖူးတဲ့ ရန်သူလူမျိုးခြား ဆေးဆရာတစ်ယောက်ကို ကျွန်ုပ်တို့ ခရစ်ယာန်တွေရဲ့ အရေးအကြီးဆုံး အဖိုးအတန်ဆုံးဖြစ်တဲ့ ဘုရင်ရစ်ချာဒ့်အား ကုသခွင့်ပေးရလောက်အောင် အသင်သူရဲကောင်းကြီးတစ်ယောက်လုံး ကိုယ်တိုင်အာမခံပေးပြီး ယုံကြည်နှစ်သက်လာတာဟာ ဘယ်လိုများ သဘောကျမိပါလို့လဲ၊ အသင်ရဲ့အာမခံစကားကိုလည်း ကျွန်ုပ်သံသယ မရှိပါဘူး..."

"ကျွန်ုပ်သဘောကျတာက ဒီလိုပါ၊ ကျွန်ုပ်ရဲ့ တပည့်တစ်ယောက်မစားနိုင်၊ မသောက်နိုင် တပိန်ပိန် တလိန်လိန်နဲ့ အိပ်ရာထဲလဲလျောင်းပြီး ဘုရင်ရစ်ချာ့ဒ် ဝေဒနာနဲ့ တစ်ထပ်တည်းဖြစ်တဲ့ ရောဂါကိုခံစားနေရပါတယ်၊ ကျွန်ုပ်ဖြင့် အသက်ရှင်မယ်တောင်မထင်ဘူး၊ ဒါပေမဲ့ အခု ဆေးဆရာအဲလ်ဟာကင် ရောက်လာတော့ နှစ်နာရီတည်း ကုရသေးတယ်၊ အစားအသောက်စားချင်သလိုဖြစ်လာပြီး ဟိုတုန်းက မအိပ်နိုင်တာဟာ အခုနှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်နေပါတယ်၊ ဆရာကလည်းမကြာခင် ပျောက်မယ်လို့ပြောပါတယ်၊ ကျွန်ုပ်လည်း ယုံကြည်ပါတယ်၊ ဆေးအရာမှာ တကယ်စွမ်းပါပေတယ်၊ ဒီတော့ ကျွန်ုပ်တပည့်လောက် မဆိုးသေးတဲ့ ဘုရင်ရစ်ချာ့ဒ်ရဲ့ ဝေဒနာကိုကုလိုက်ရ ရင်ဖြင့် ဝေဒနာကို ခဏချင်းပဲ ပျောက်လိမ့်မယ်လို့ ထင်ပါတယ်။ ယုံကြည် စိတ်ချရဖို့ ဆိုတာကလည်း သစ္စာသမာဓိနဲ့ ရဲရင့်တည်ကြည်တဲ့ ဆိုလ်ဒင်, ကိုယ်တော်တိုင်ကလွှတ်လိုက်တာဖြစ်လေတော့ သံသယ ရှိစရာမလိုပါဘူး၊ နို့ပြီး ဆေးဆရာကိုယ်တိုင်ကလည်း အာမခံရဲလိုက်တာ ဘုရင့်ရောဂါမပျောက်ရင် သူ့ခေါင်းဖြတ်တဲ့ ပျောက်ရင်တော့ ဆုတော်ငွေလေးဘာလေးမျှော်လင့်မှာပေါ့လေ..."

ထိုသို့ပြောနေစဉ် အမတ်ကြီးဒီဗိုးမှာ မျက်လွှာချလျက် ယုံမှားသံသယမရှိ၊ စိတ်ပါလက်ပါနားထောင်နေပြီးနောက် ဆာကဲနက်စကားဆုံးမှ–

"ကျွန်ုပ် သင့်တပည့် လူမမာကို ကြည့်ပါရစေ"

ဒီဗိုးပြောသံကို ကြားရသောအခါ၌ ဆာကဲနက်မှာရုက်သွေးရောင်လွှမ်းသွားပြီး ပြန်ဖြေရန် အနည်းငယ် နှောင့်နှေးနေ၏။ နောက်မှ မပြောမဖြစ်သည်နှင့်။

"ကြည့်ရပါတယ်၊ လိုက်ခဲ့ပါ ဒါပေမဲ့ ကျွန်ုပ်တို့စကော့လူမျိုးတွေရဲ့

mgyoe.com

mgyoe.com


နေရာထိုင်ခင်းမြင်တော့ စကော့ တလန်ပြည်ဆင်းရဲတယ်ဆိုတာလည်း ပြန်စဉ်းစားပါ" ဟု သူ၏ညံ့သော နေရာထိုင်ခင်းအတွက် စကားခံပြောပြီး မှ စွန်ပလွဲရှက်၊ ခနိလက်တို့ဖြင့် ပြုလုပ်ထားသော သူ့တဲကလေးဆီသို့ ခေါ်ဆောင်သွားလေ၏။

❒

mgyoe.com

mgyoe.com

# အခန်း (၁၀)

## ဆာကဲနက်၏တဲ

တဲ၏အတွင်း၌ အိပ်ရာနှစ်ခုရှိလေသည်။ တစ်ခုမှာ သစ်ရွက်တို့ကို ဖြန့်ခင်းထား၍ ၎င်းအပေါ်မှ သမင်ရေကြီးတစ်ချပ်ကို အိပ်ရာခင်းပြုလုပ်ထားသည်။ အိပ်ရာ၏ ခေါင်းရင်းဘက်ရှိ ငွေလက်ဝါးကပ်တိုင်ကလေးနှင့် နံဘေး၌ထားရှိသော သူရဲကောင်း၏ အဝတ်အစား လက်နက်ကိရိယာတို့ကို မြင်ရခြင်းအားဖြင့် ထိုအိပ်ရာသည် သူရဲကောင်းဆာကဲနက်၏အိပ်ရာဖြစ်ကြောင်းကို သိနိုင်လေသည်။

အခြား အိပ်ရာပေါ်၌ကားလူမမာအိပ်ပျော်နေသည်။ လူနာမှာများစွာပိန်ချုံးသော်လည်း ကိုယ်လက်အင်္ဂါများစွာ ကြီးမားသန်စွမ်းလျက် အသက်လေးဆယ်ကျော်မျှရှိသေး၏။ လူမမာ၏အိပ်ရာမှာ ဆာကဲနက်၏အိပ်ရာထက် ပိုမိုနူးညံ့စေရန် ငြိမ်းအေးသောအခါတွင် သူရဲကောင်းတို့ ဝတ်ဆင်လေ့ရှိသော ဝတ်ရုံပွကြီးနှင့် အခြားအဝတ်နုများခင်းကျင်းထားသည်ကို ထောက်ခြင်းအားဖြင့် ဆာကဲနက်သည် သူ့တပည့်အား မည်မျှကြင်နာကြောင်း ဖော်ပြလျက်ရှိပေသည်။

တဲ၏တိုင်တစ်တိုင်၌မူ သမင်ပေါင်ကြီးတစ်ခု ဆွဲချိတ်ထား၍ ၎င်းသမင်သားမှာ မည်သို့မည်ပုံ ရရှိကြောင်းသိရှိရန် မခဲယဉ်းချေ။ အကြောင်းမှာ ကြီးမားသန်စွမ်းလှ၍ ဘုရင်ချာ့ဒ်အိပ်ရာဆောင်၌ စောင့်ရှောက်သည့် ခွေးကြီး

mgyoe.com

mgyoe.com


များထက်ပင် ထွားကျိုင်းလှသော အမဲလိုက်ခွေးကြီးတစ်ကောင်ကို မြင်နိုင်လေသည်။ ခွေးကြီးမှာ လူနာ၏အိပ်ရာနံဘေး၌ ဝပ်လျက် လူငယ်တစ်ယောက် မုန့်ဖုတ်နေသည်ကို ကြည့်ရှုနေ၍ ဆာကဲနက်နှင့် သောမတ်စ်ဒီဗိုးတို့ တဲပေါက်ဝရောက်လာသောအခါ ချုပ်တည်းသော အသံနှင့် ဟိန်းလိုက်လေသည်။ သူ့အသံမှာ လူနာကို အနှောင့်အယှက် ဖြစ်လောက်အောင် မကျယ်သော်လည်း၊ သူ၏နက်ကျယ်လှသော ရင်ခေါင်းကြီးထဲမှ လာသည် ဖြစ်၍ များစွာ အောင်မြင်လှသောကြောင့် ဝေးကွာသောအရပ်မှ မြည်ဟိန်းလိုက်သော မိုးချုန်းသံနှင့်တူလေသည်။ သို့သော် သူ့သခင်ကို မြင်သောအခါ ဟိန်းဟောက်ခြင်းမပြုတော့ဘဲ နေရာမှထသွား၍ အမြီးနန့်လျက် ဦးခေါင်းဖြင့် ဆာကဲနက်ကို ပွတ်သပ်ကာ နှုတ်ဆက်လေသည်။ ထိုနောက်ခွေးလိမ္မာဖြစ်သည့် အားလျော်စွာ လူမမာ၏အခန်းဖြစ်ကြောင်း သိသည့်အလား ဆိတ်ငြိမ်စွာနေလေ၏။

လူနာ၏အိပ်ရာနံဘေး၌ တိရစ္ဆာန်ရေများဖြင့် ပြုလုပ်ထားသော ဖုံပေါ်တွင် သူတို့လူမျိုးထုံးစံအတိုင်း ဆိတ်ငြိမ်စွာ တင်ပျဉ်ခွေထိုင်နေသူမှာ မဟာမေဒင်ဆေးဆရာအဲလ်ဟာကင်ဆိုသူပင်ဖြစ်လေသည်။ ဤတဲကလေး၏ အတွင်း၌ကား အလင်းရောင်အနည်းငယ်သာရှိသဖြင့် ထိုမည်းနက်သော ကုလားဆေးဆရာအား ထင်ရှားစွာမမြင်နိုင်ချေ။ ရှည်လျား၍ ရင်ဘတ်ပေါ်တွင် ဝဲပျံနေသော မုတ်ဆိတ်မွေးမည်းမည်းကြီးသည်ပါးမြိုင်းမွေး နှုတ်ခမ်းမွေးတို့နှင့်ရောယှက်ကာ သူ့မျက်နှာကို ဖုံးအုပ်နေလျက် သိုးကလေးအမွေးဖြင့် ပြုလုပ်ထားသော ပသီဦးထုပ်အနက်၏ အောက်မှပေါ်ထွက်နေသော ဆံပင်များနှင့် ဆက်စပ်လျက် ရှိလေသည်။ ဤပုံဖြင့် ဦးခေါင်းနှင့် ရင်ဘတ်ပိုင်းသာ မည်းနက်နေသည် မဟုတ်သေး။ သူဝတ်ထားသော တူရကီအင်္ကျီပွကြီးမှာလည်း အနက်ဖြစ်နေပြန်သဖြင့် တစ်ကိုယ်လုံး မည်းမှောင်လျက် ရှိချေသည်။ သို့သော် ဤအနက်တို့၏ ကြားထဲတွင် ထူးခြားစွာ တောက်ပနေသည်ကား သူ၏ထက်မြက်စူးရှလှသော မျက်လုံးတို့ပင်တည်း။

ထိုအချိန်၌ တဲကလေးအတွင်းတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသော လူနာ၏ အသက်ရှုသံမှတစ်ပါး အခြားတစ်စုံတစ်ရာသော အသံမျှ မကြားရချေ။ သို့သော် ဆာကဲနက်ကစတင်၍ အသံခပ်တိုးတိုးဖြင့်–

mgyoe.com

mgyoe.com


"ဒီလူမမာဟာ နောက်ခြောက်လလောက်က လုံးလုံးမအိပ်ခဲ့ဘူး။ သူ့ကို စောင့်ရှောက်နေတဲ့ ကျွန်ုပ်တပည့်ကလေးက ပြောတယ်"

ဆာသောမတ်စ်ဒီဗိုးသည် ဆာကဲနက်၏လက်ကို စိတ်အားထက်သန်စွာ ဆုပ်ကိုင်လိုက်ပြီး–

"အား ဆာစကော့ ဒါဖြင့် ဒီလူနာ သက်သာနေပြီ ပျောက်တော့မယ်။ အဟုတ်ပြောတာ အခု သူနှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပုံကိုကြည့်ပါလား"

ဒီဗိုး၏ စိတ်ပါလက်ပါ ပြောလိုက်သော အသံမှာ နောက်သူ၏ ထုံးစံအတိုင်းပိုမိုကျယ်လောင်သွားသဖြင့် လူနာအား နှောင့်ယှက်ရာရောက်သောကြောင့်၊ လူနာကို ညင်သာစွာ သွေးတိုးစမ်းနေသော ဆေးဆရာဟာကင်သည် ထိုင်ရာမှ ထလာကာ ဆိတ်ငြိမ်ရန် အမူအရာပြလျက် ဆာကဲနက်နှင့်အမတ်ကြီး ဒီဗိုးတို့ကို လက်မောင်းတစ်ဖက်စီကိုင်၍ အပြင်သို့ ဆွဲခေါ်သွားလေ၏။ အပြင်သို့ရောက်မှ ဆရာဟာကင်က...

"အသင်တို့ ယုံကြည်ကိုးကွယ်ကြတဲ့ ခရစ်ယာန်၏ နာမတော်အားဖြင့် ကျွန်ုပ်၏စကားပြောပါရစေ၊ ဘုရားသခင်၏ တန်ခိုးတော်ကြောင့်၊ အကျွန်ုပ်၏ဆေးစွမ်းဖြင့် အိပ်ပျော်နေတဲ့လူနာကို မနှောင့်ယှက်ရန် တောင်းပန်ပါတယ်၊ အကယ်၍ လူနာ အခုအချိန်နိုးသွားခဲ့သော် သေရင်လည်း သေရမည် ရူးရင်လည်း ရူးသွားပါမည်၊ ဒါကြောင့် သည်းခံတော်မူကြပါ၊ သို့သော် ညနေ ကျွန်ုပ်တို့ မဟာမေဒင်ဘုရားရှိခိုးချိန် ရောက်တော့ ပြန်လာခဲ့ကြပါ၊ ဒီအချိန်မှာ လူနာကောင်းမွန်စွာ နိုးလာပြီး စကားအနည်းငယ် မေးစမ်းပြောဆိုနိုင်ပါလိမ့်မယ်...."

ဤသို့ပြောပြီး ဆရာဟာကင်သည် လူနာဆီသို့ ပြန်သွားလေ၏။

ဆာကဲနက်နှင့် အမတ်ကြီးဒီဗိုးတို့မှာ မငြင်းသာတော့ဘဲ ဆိတ်ငြိမ်စွာ ကျန်ခဲ့လေသည်။ ဤအချိန်၌ ဆာကဲနက်၏ ခွေးကြီးသည် သူတို့ဆီသို့ လိုက်လာ၍ သူ၏ကြမ်းတမ်းရှည်လျားသော မျက်နှာကို သခင်၏ လက်ဝါးထဲသို့ ထိုးသွင်းပွတ်သပ်ကာ သခင်၏ ကြင်နာမှုကို တောင်းခံလေ၏။ အလိုက်သိသော ဆာကဲနက်သည် ခွေး၏အလိုကို အနည်းငယ် နှစ်သိမ့်စေပြီးနောက် "သွား ရို့စ်ဝဲလ်,ကောင်းကောင်းနေ" ဟု လူတစ်ယောက်ကို ပြောဘိသကဲ့သို့ အမိန့်ပေးလိုက်၏။ ခွေးလိမ္မာရို့စ်ဝဲလ် သူ့ဆန္ဒပြည့်စုံပြီဖြစ်

mgyoe.com

mgyoe.com


သည်နှင့် အမြီးကိုဆန့်တန်းကာ ပြေးလေသည်။ သူပြေးသော လမ်းများမှာ တဲများ၏ အကြိုအကြား အရှည်လိုက်သော်လည်းကောင်း ကန့်လန့်သော် လည်းကောင်း ဟိုမှဒီမှ အနံ့အပြားပြေးလေသည်။ သို့သော် သူ့သခင်က မဝင်ထွက်ရန် အလံကလေးများ စိုက်၍ တားမြစ်ထားသော နေရာများကိုကား သွားလာခြင်းမပြုချေ။

ဆာကဲနက်မှာ သူ့ခွေး၏ ကြီးမားသန်မွမ်းပုံနှင့် လိမ္မာပုံကို ဂုဏ်ယူကြည့်ရှုနေ၍ ဆာသောမတ်စ် ဒီဗိုးမှာလည်း တိရစ္ဆာန်များကို ချစ်ခင်နှစ်သက်သူဖြစ်သည့်အတိုင်း ခွေး၏ အပြုအမူကို သဘောကျကြည့်ရှုနေပြီးနောက် ဆာကဲနက်အား ခွေးအကြောင်းကို ချီးမွမ်းပြောဆိုလေသည်။ ထိုနောက်မှ စစ်တပ်အတွင်းတွင် ဤကဲ့သို့ ခွေးမွေးမြူခြင်းသည် ဘုရင့်အမိန့်နှင့် ဆန့်ကျင်ကြောင်း၊ သို့သော် ဤကဲ့သို့ ခွေးလိမ္မာမျိုးကို မွေးမြူသင့်ကြောင်း၊ သူကိုယ်တိုင် ဘုရင်၏ အပြစ်မှ လွတ်ကင်းအောင်ကာကွယ်ပေးမည့် အကြောင်းတို့ကို ပြောဆိုပြီးနောက် ဆာကဲနက်နှင့်အတန်ကြာမျှ သင့်မြတ်စွာ စကားပြောကြလေသည်။

ဆာသောမတ်စ်ဒီဗိုးသည် သူ့အပြန်ကို စောင့်မျှော်လင့်နေသော ဘုရင် ရစ်ချာ့ဒ်ထံ ပြန်ရောက်သောအခါ သူတွေ့မြင်သိရှိခဲ့ရသည်များကို အလုံးစုံ သံတော်ဦး တင်လေသည်။

ရစ်ချာ့ဒ်သည် အမတ်ကြီး၏ စကားကို နားထောင်နေပြီးမှ–

"ဒီဗိုးရဲ့ဒါလည်း ထူးဆန်းတဲ့အကြောင်းကိစ္စတစ်ခုပဲကွ... မင်း ဒီ စကော့ကို ဖြောင့်မှန်လိမ့်မယ်လို့ ထင်ရဲ့လား"

"ဒါကို ကျွန်တော်မျိုးအသေအချာ မပြောနိုင်ပါဘူး။ ကျွန်တော်မျိုး သိသမျှတော့ စကော့လူမျိုးတွေဟာ ကောင်းတာလည်းကောင်းတယ် ဆိုးတာ လည်းဆိုးကြတယ်။ ဒါပေမဲ့ ဒီစကော့တော့ အပြင်ပန်းကြည့်ရတာ ကောင်းပုံ ပေါ်တာပဲ...

"ဒါဖြင့် သူ့အမူအရာကို သူရဲကောင်းတစ်ယောက်အနေနဲ့ကော ဘယ်လို ပြောချင်သေးသလဲ ဒီဗိုး..."

"ဒီ လူကဲခတ်ခြင်း အလုပ်ကတော့ ကျွန်တော်မျိုးတို့ထက် အရှင် ဘုရားနဲ့ ပိုပြီး စပ်ဆိုင်ပါတယ်"

mgyoe.com

"အေး ဒါကတော့ ငါ့အလုပ်ပဲ အခု ငါ့စစ်တပ်ထဲရောက်မှ သိရသလောက်တော့ ဒီအကောင်ဟာ အတိုက်အခိုက်ကောင်းသလောက် မာနကြီးတယ် ခေါင်းလည်းမာတယ် အပြောအဆိုလည်း တင်းတယ်ကွ...။ ဒါထက်နေပါဦး ဒီ ဒိဋ္ဌိဆေးဆရာနဲ့ သူနဲ့ အခုစစ်အေးချမ်းနေတဲ့ အတွင်းမှာ ဘယ်လိုက ဘယ်လိုတွေ့ကြတာတဲ့လဲကွ..."

"သူ ပြောပြတာကတော့ ဒီလိုပါ ဟိုလူပြောများကြတဲ့ အင်္ဂတီက ရသေ့ကြီးဆီကို သူသွားတယ်။ ဟိုရောက်တော့"

ဘုရင်က ဒီဗိုးစကားကို ဖြတ်၍ ခြေဆောင့်လျက်–

"ဟ ဒီဗိုး ငါ့မိဖုရားနဲ့ မင်းသမီး အခြွေအရံတွေ ဟိုမှာ ဘုရားဖူးသွားနေကြတုန်း သူ့ကို ဘယ်သူက ဘာကိစ္စနဲ့ လွှတ်လိုက်ကြသတဲ့လဲ"

"ခရစ်ယာန် မင်းသားများ အစည်းအဝေးက လွှတ်လိုက်တာပါတဲ့ ဘာကိစ္စနဲ့လဲတော့ သူမပြောဘူး၊ ကျွန်တော်မျိုးအထင်ဖြင့် အရှင့်မိဖုရားနဲ့ အခြွေအရံတွေ ဘုရားဖူးသွားကြတဲ့အကြောင်းကို အစည်းအဝေးက လူတွေ သိဟန်မတူပါဘူး..."

"ကောင်းပြီ ဒါကို ငါစုံစမ်းရမယ်၊ ကဲ ဆိုစမ်းပါဦး၊ သူအင်္ဂတီရောက်တော့ သဲကန္တာရထဲ လည်ပတ်နေတဲ့ ဆေးဆရာနဲ့ တွေ့ခဲ့ရောတဲ့လား"

"ဒီလိုမဟုတ်သေးဘူး ဘုရား့သူ သဲကန္တာရထဲ သွားနေတုန်း လမ်းမှာ ဆာရ်ဆင်သူရဲကောင်းတစ်ယောက်နဲ့ တွေ့လို့ စီးချင်းတိုက်ကြတယ်၊ နှစ်ယောက်စလုံးအတိုက်အခိုက် ကောင်းကြတော့ တော်တော်နဲ့ အရှုံးအနိုင်မပေါ်နိုင်ဘဲ နောက်ဆုံးမှာ အပြီးမသတ်ခင် မိတ်ဆွေဖြစ်ကြပြီး အင်္ဂတီကို နှစ်ယောက်အတူခရီးဆက်သွားကြတယ်..."

အမတ်ကြီးဒီဗိုးမှာ အာလေးလျှာလေးကြီးဖြစ်၍ စကားသွက်လက်မြန်စွာပြောနိုင်သူမဟုတ်ချေ။ ဤသည်ကို အရင်လို၍ စိတ်တိုနေသော ဘုရင်ကစောင့်မနေနိုင်ဘဲ...။

"ကဲ အင်္ဂတီရောက်တော့ သူတို့ဆေးဆရာကို တွေ့ကြရောတဲ့ မဟုတ်လား..."

"မဟုတ်သေးဘူးဘုရား့ ဆာကဲနက်က ဒီဆာရ်ဆင်ကို အရှင်ဘုရားမမာနေကြောင်း ပြောပြတော့ ဆာရ်ဆင်က ဒါဖြင့် စစ်ရပ်နေရတာ ပျင်းစရာ

mgyoe.com

mgyoe.com


ကောင်းလှတယ် စစ်ပြန်တိုက်ရလွယ်အောင် သူတို့ဘုရင်ဆိုလ်ဒင်ကို သူ့လက်သုံးတော် နန်းတွင်းဆေးဆရာကို လွှတ်လိုက်ဖို့အကြောင်း ရသေ့ကြီးနဲ့ပါ တိုင်ပင်ပြီး သူ့အရပ်ကို ပြန်သွားတယ်။ ဒါကြောင့် ဆာကဲနက်က ဒီဆေးဆရာကို အင်္ဂတီမှာ တစ်ရက်ပိုနေပြီး စောင့်ခေါ်ခဲ့ရတယ်၊ အခုဆေးဆရာလည်း ဆေးဆရာသာဆိုတယ် မင်းညီမင်းသားတစ်ယောက်လိုပဲ အခြွေအရံတွေ၊ အစေခံတွေနဲ့ သိုက်မြိုက်ပါဘိသနဲ့ နောက်ပြီး သူတို့ဘုရင် ဆိုလ်ဒင်ဆီက စာလည်းပါလာတယ်…"

(ဤနေရာ၌ ဒီဗိုးသည် ရစ်ချာ့ဒ်အား ဆာကဲနက်မှ တစ်ဆင့်ပါးလိုက်သော ဆိုလ်ဒင်၏သဝဏ်လွှာကိုပေး၏။)

ရစ်ချာ့ဒ်သည် စာကိုဖတ်ပြီးနောက် စိတ်နှလုံးတက်ကြွလှစွာ

"အား သဘောကျတယ်ကွာ၊ ငါဒီဆေးဆရာကို တွေ့ကြည့်ဦးမယ်၊ နောက်ပြီး အကုခံမယ်၊ ဆိုလ်ဒင်ရဲ့ ရက်ရောတဲ့ စေတနာကို ငါသိပ်ကျေးဇူးတင်တယ်၊ သူ့မြင့်မြတ်တဲ့ ရည်ရွယ်ချက်အတိုင်း ငါသူ့ကို စစ်မြေပြင်မှာ တွေ့မယ်၊ ဒီတော့မှ သူ ငါ့ကို ကျေးဇူးကန်းတဲ့ လူလို့မပြောမယ်၊ ငါ့ရဲတင်းပုဆိန်ကြီးနဲ့ သူ မြင်းပေါ်က ကျသွားအောင် သူ့ခေါင်းကိုခုတ်ချလိုက်မယ်၊ ဒီတော့မှ တစ်ခါတည်း စစ်ပွဲထဲမှာပဲ သူ့ကိုယ်ကကျတဲ့ သွေးနဲ့ ငါ့ကိုယ်ကထွက်တဲ့သွေး နှစ်မျိုးပေါင်းပြီး လက်ဝါးကပ်တိုင်ပုံသဏ္ဍာန်ရှိတဲ့ ငါ့ဓားရိုးရှေ့မှာ သူ့ကို နှစ်ခြင်းပေးလိုက်မယ်၊ သူမှားတဲ့အယူကနေပြီး တစ်ခါတည်းဘာသာပြောင်းပေးလိုက်မယ်၊ ဒါမှငါသူ့ကို ကျေးဇူးဆပ်ရာရောက်မယ်၊ ဟေး–ဒီဗိုး ငါဆိုလ်ဒင်ကို ကျေးဇူးဆပ်ချင်လှပြီ ဘာလုပ်နေနေသလဲ သွား… သူ့ဆေးဆရာကို မြန်မြန်ခေါ်ခဲ့ငါအကုခံတော့မယ်…"

ဒီဗိုးကမူ အေးဆေးစွာနှင့်ပင်…

"နေပါဦး စဉ်းစားပါဦးအရှင်။ ဆိုလ်ဒင်ဟာ အယူမှားနေတဲ့ ဘာသာခြားပါ။ နို့ပြီးအရှင်ဘုရားဟာလည်း သူ့အကြီးဆုံးနဲ့ ကြောက်မက်ဖွယ်အကောင်းဆုံးရန်သူကြီးပါ"

"မဟုတ်သေးဘူး ဒီဗိုး၊ ဒီကိစ္စမှာ သူငါ့ကို ကျန်းမာလာအောင် လုပ်ပေးရမယ်။ ဒီလိုမှ လုပ်မပေးရင် ငါ့အဖျားရောဂါဟာ တို့အရှင်ဘုရင်နှစ်ယောက်စလုံးနှစ်သက်တဲ့စစ်ပွဲကြီးကို အဆုံးသတ်ပစ်လိမ့်မယ်။ ငါ ပြောမယ်ဒီဗိုး

mgyoe.com

mgyoe.com


ငါက သူ့ချစ်သလို သူကလည်း ငါ့ကိုချစ်တယ်။ ရဲရင့်မြင့်မြတ်တဲ့ရန်သူဆို တာ တစ်ယောက်ကိုတစ်ယောက် အမြဲတမ်း ချစ်ကြတယ်…၊ နားလည်ရဲ့လားတကယ်ပြောတာ၊ သူ့ကို တို့မကောင်းထင်ရင် တို့မှာ အပြစ်ရှိမှာပေါ့"

"ဒါပေမဲ့ အလျှင်မလိုသင့်ပါဘူး။ ဆာကဲနက်လူနာကုသပုံကို စောင့်ကြည့်ပါဦး။ ဒီကိစ္စမှာ ကျွန်တော်မျိုးအရမ်းမလုပ်ဝံ့ပါဘူး။ မှန်,တော်ပါရဲ့တကယ်လို့များမှားသွားရင် ခရစ်ယာန်တစ်မျိုးလုံးရဲ့ ဝမ်းနည်းစရာကြီးကို ကျွန်တော်မျိုး တစ်ယောက်တည်းလုပ်လိုက်တာ ဖြစ်နေပါဦးမယ်"

"ဟဲ့ ဒီဗိုးရဲ့ နှင်အရင်တုန်းကများ ငါ့အသက်ကို ဒါလောက်စိုးရိမ်တာ တစ်ခါမှမတွေ့ဖူးပါလားဟယ်" အပြစ်တင်သလို ပြောလိုက်၏။

"ကျွန်တော်မျိုးအသက်နဲ့အရှင်ဘုရားအသက် အတူတူပါပဲ"

"ကဲ ကောင်းပြီ ဒီလောက်တောင် ယုံမှားသံသယရှိလှတဲ့လူ သွားကြည့်ချေ။ နို့ပြီး ငါ့ဆီခေါ်ခဲ့ ငါတော့ သေသေရှင်ရှင် အကုခံမှာပဲ အပြင်က စားသံ၊ လုံသံတွေ၊ မြင်းခွာသံတွေ၊ စစ်ခရာသံတွေကြားနေရက်သားနဲ့ စစ်မတိုက်နိုင်ဘဲ နွားနာကြီးလို ဒီအိပ်ရာထဲလဲနေရတာထက် သေတာကကောင်းပါသေးတယ်ကွာ…"

ဆာသောမတ်စ်ဒီဗိုးမှာ သူ့စိတ်ထဲ၌ ကုသင့်မကုသင့် သံသယဖြစ်နေသည်ကို ယုံကြည်ရသော ဘုန်းကြီးတစ်ပါးပါးနှင့် တိုင်ပင်ကြည့်မှ သင့်လျော်မည်ဟု စိတ်ကူးထည့်ကာ ဘုရင်၏ တဲနန်းတော်မှ ထွက်ခဲ့လေ၏။

❒

mgyoe.com

mgyoe.com

## အခန်း (၁၁)

## ခရစ်ယာန်ဘုန်းကြီးနှင့် မဟာမေဒင်ဆေးဆရာ

ယခု ဘာသာရေးစစ်ပွဲကြီးတွင် ဝင်ရောက်တိုက်ခိုက်နေကြသော ခရစ်ယာန်ဘုန်းကြီးသူရဲကောင်းများအနက် ‘တိုင်ရာ’ခေါ် အရပ်ဒေသမှ ပုံပန်းသဏ္ဍာန်အားဖြင့် ခံ့ထည်ဝင့်ဝါ၍ ကြည်ညိုဖွယ်ကောင်းသော ဘုန်းကြီး, ကြီးတစ်ပါးမှာ ဘုရင် ရစ်ချာ့ဒ်နှင့် မိတ်ကျွမ်းတဝင်ကြည်ညိုချစ်ခင်သူဖြစ်ခြင်း၊ ရိုးသားဖြောင့်မတ်၍ ထက်မြက်စူးရှသော ဉာဏ်ပညာအရာတွင် အခြားဘုန်းကြီးများထက် သာလွန်ခြင်း၊ ခဲရာ ခဲဆစ်ကျမ်းစာများ၌ အများအားဖြင့် သူ့ကိုသာ အမှီပြုရခြင်းတို့ကြောင့် ဆာသောမတ်စ်ဒီဗိုးသည် ယခုပြဿနာတွင် ဤကိုယ်တော်ကြီးနှင့် တိုင်ပင်ရသော်ကောင်းမည်ဟု ယူဆမိသည်နှင့် ယခု တွေ့ဆုံဆွေးနွေးလျက်ရှိကြလေသည်။

ဘုန်းကြီးသည် ဆာသောမတ်စ်၏စကားကို နားထောင်ပြီးနောက် “ဆေးဆရာဆိုတာဟာ အမျိုးဘာသာ ယုတ်ညံ့သော်လည်း အဖိုးမတန်တဲ့ အရာဝတ္ထုထဲက ထုတ်ယူတဲ့သူတို့ ဆေးတွေလည်း အသုံးကျတတ်ပါတယ်၊ နို့ပြီး တို့ဘုရားသခင်ကလည်း တပည့်တော်တွေ အလိုရှိတဲ့အခါမှာ ဘာသာမတူတဲ့ ဒိဋ္ဌိတွေရဲ့ အကူအညီကို ယူရမယ်ဆိုတာလည်း မတားမြစ်ခဲ့ပါဘူး။ သို့သော် တို့ဘုရင်ရစ်ချာ့ဒ်ကို အကုခံဖို့မခံဖို့ မစဉ်းစားမီဆာကဲနက်ရဲ့ လူနာကိုပထမသွားပြီး စုံစမ်းကြည့်ကြဦးစို့” ဟု ဆိုကာနှစ်ယောက်သား ဆာကဲနက်

mgyoe.com

mgyoe.com


၏ တဲဆီသို့ ထွက်ခဲ့ကြလေ၏။

ဆာကဲနက်နှင့် သူ၏ နောက်လိုက်ငယ်သားများနေသော တဲငယ်ရှေ့သို့ ရောက်သောအခါ ဘုန်းကြီးက ဒီဗိုးအား…

"ဟော့ ဒီဗိုး ဒီမှာစကော့လူမျိုးတွေဟာ သူ့နောက်လိုက်ငယ်သားတွေကို တို့က တို့ခွေးတွေကို ဂရုစိုက်သလောက် အရေးမယူဘူးဆိုတာ သက်သေတစ်ခုကွ၊ ဒီမှာ ကြည့်စမ်းပါလား အခုနာမည်ကျော်လှတဲ့ စကော့သူရဲကောင်းကြီးတစ်ယောက်က သူ့တပည့် လူနာကို ထားလိုက်ပုံဟာ အင်္ဂလန်က ခွေးလှောင်အိမ်လောက်မှ မဟန်ဘူးကွ…"

.သို့သော် ဒီဗိုးက "ဒါဟာ အပြစ်ဆိုသင့်မယ် မထင်ပါဘူး။ ဘာပြုလို့လဲ ဆိုရင် သူကိုယ်တိုင် နေတာက သူ့တပည့်ထက် ပိုပြီးမှ မသာတာပဲ" ဟု ဆိုကြရင်း တဲထဲသို့ ဝင်သွားကြလေ၏။ ဆာကဲနက်ကို မတွေ့ရချေ။ ဆေးဆရာ ဟာကင်ကိုမူကား လွန်ခဲ့သော နာရီများစွာက အမတ်ကြီး ဒီဗိုး မြင်ခဲ့ရသည့်အတိုင်းပင် လူနာ၏ အိပ်ရာနံဘေး၌ တင်ပျဉ်ခွေ ထိုင်၍ နှစ်ခြိုက်စွာ အိပ်ပျော်နေဟန်ရှိသော လူနာကို ခဏခဏ သွေးစမ်းလျက်နေ၏။

ဘုန်းကြီးမှာ သူ၏ ခံ့ထည်ဝင့်ဝါသော အဆင်းသဏ္ဌာန်ကို မြင်လိုက်ရလျှင် ဤမဟာမေဒင်ဆေးဆရာကလေးမှာ ရုတ်တရက်လန့်ဖျပ်၍ ထိုင်ရာမှ လျင်မြန်စွာထပြီး တရိုတသေ နှုတ်ဆက်ရှာလိမ့်မည်ဟု မျှော်လင့်ကာဆေးဆရာ အဲလ်ဟာကင်၏ ရှေ့တည့်တည့်တွင် လက်ပိုက်၍ ခံ့ထည်စွာ မတ်တတ်ရပ်လိုက်လေ၏။

သို့သော် အဲလ်ဟာကင်သည် သူလာရောက်မတ်တတ်ရပ်ခါစ၌ ဖျတ်ခနဲ မော်ကြည့်လိုက်သည်မှတစ်ပါး ဘာမျှထူးခြားခြင်းမရှိဘဲ သူ့လူနာကိုသာ သွေးစမ်းမြဲ စမ်းသပ်နေ၏။ ထို့ကြောင့် ဘုန်းကြီးမှာ မခံမရပ်နိုင်ဖြစ်လာကာ ဟာကင်ကို မကျေနပ်မနှစ်မြို့သော မျက်နှာထားနှင့် သုံးမိနစ်မျှ စိုက်ကြည့်နေပြီးနောက် သူကပင် စတင်နှုတ်ဆက်ရလေသည်။ သူ့မျှော်လင့်ချက်လွဲ၍ စိတ်ဆိုးနေပြီဖြစ်သောကြောင့် ကျယ်လောင်သော အသံနှင့်…

"ဟဲ့ ဒိဒ္ဓိ ဆေးဆရာဆိုတာ သင်ပဲလား သင့်ကို ငါ စကားပြောဖို့ ကိစ္စရှိတယ်"

ဤသို့တိုင်ဟာကင်သည် မည်သို့မျှ တုန်လှုပ်ခြင်း မရှိ၊ တည်ငြိမ်

mgyoe.com